ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (27-4-2011)(၆၇၄၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန် တောင်အာဖရိကသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၁ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလဲ့ကိဆာ ဇူးမား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၁ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး မစ္စစ် မေတေး အင်နာကိုအာနား မာရှာဘာနေ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မုံရွာမြို့ မြစ်နွှာခန်းမ၌ တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၆-၄-၂၀၁၁

နေပြည်တော်(ရေဆင်း)	သုည	ဒသမ	၂၈	လက်မ
ညောင်လေးပင်	၂	ဒသမ	၆၄	လက်မ
ပုသိမ်	၂	ဒသမ	၂၈	လက်မ
တောင်ငူ	၁	ဒသမ	၃၀	လက်မ
ဖြူး	၁	ဒသမ	၃၀	လက်မ
သရက်	၁	ဒသမ	၂၀	လက်မ
မြိတ်	သုည	ဒသမ	၉၀	လက်မ
ကျိုက္ခမီ	သုည	ဒသမ	၈၃	လက်မ

ဈေးကွက်အချက်အချာကျ မြို့များ၌ ကုန်စည်ဒိုင်များ ထပ်မံဖြစ်ထွန်းရေး ရောင်းသူဝယ်သူ ဈေးကွက်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဧပြီ ၂၆

ဈေးကွက်အချက်အချာကျသော မြို့များ၌ ကုန်စည်ဒိုင်များ ထပ်မံဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ အရည်အသွေးမီသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အထူးပြုကုမ္ပဏီများ၊ ကုန်စည်ဒိုင်များ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ရောင်းသူဝယ်သူ ဈေးကွက်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့ နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြစ်နွှာခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာများ၊ ဆန်စပါးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ မုံရွာစက်မှုဇုန်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးပြုကုမ္ပဏီများ၊ ကုန်စည်ဒိုင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့◆

ပြည်သူများ အသိပညာမြင့်မားရေး စာကြည့်တိုက်များ မြှင့်တင်ဖော်ဆောင် အမြို့မြို့အနယ်နယ်တွင် စာကြည့်တိုက်များဖွင့်

(သတင်း)စာမျက်နှာ-၈

အိုက်စလန်ကျွန်းနိုင်ငံတွင် မီးတောင်ပေါက်ကွဲသဖြင့် မီးတောင်ပြာမှုန်ဘေးအန္တရာယ် သိပ္ပံပညာရှင်များ သတိပေး

(သတင်း)စာမျက်နှာ-၄

၂၀၁၁ ခုနှစ် အမျိုးသား၊ အမျိုးသမီး အသက် (၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲစတင်

(သတင်း)စာမျက်နှာ-၁၀

ဆာဂျီယိုအဂူရိုကို ရီယဲလ်မက်ဒရစ် ရအောင်ခေါ်ယူမည်

(သတင်း) စာမျက်နှာ-၁၀



ဝင်ရိုးစွန်း ဝက်ဝံငယ်နှစ်ကောင် တရုတ်နိုင်ငံတွင်ပြသ

(သတင်း)စာမျက်နှာ-၅

ကမ္ဘာ့အစပ်ဆုံး ဖြစ်လာနိုင်ဖွယ်ရှိသည့် ငရုတ်သီးမျိုး ဩစတြေးလျထုတ်လုပ်

(သတင်း)စာမျက်နှာ-၅

၂၇-၄-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ခိုင်ခံ့မှုနှင့် အရည်အသွေး အလေးထား

ကမ္ဘာ့နိုင်ငံတိုင်းက ဖွံ့ဖြိုးတိုးတက်ရေး ရှေးရှုကြိုးပမ်းနေကြပြီ။ မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေး၊ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ပိုမိုကြိုးစားအားထုတ်ကြရပေမည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ စီးပွားရေးကဏ္ဍများအလိုက် စီမံကိန်းလုပ်ငန်းများစွာကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိသည်။

အထူးသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအခြေခံလိုအပ်ချက် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးကို အလေးထားသည်။ ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးလူးဆက်သွယ်ရောင်းဝယ်မှုများ မြန်ဆန်သွက်လက်လာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည်။ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည် ဖြစ်သည်။ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းကဲ့သို့ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး စိုက်ပျိုးသီးနှံစုံထွက်ကုန်ပေါများသည့်ဒေသတွင် လမ်းပန်းဆက်သွယ်ရေးအခြေခံ အားနည်းမှုများကြောင့် ကူးသန်းရောင်းဝယ်မှုတွင် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ယနေ့ကာလတွင် ဧရာဝတီမြစ်ကြီးကို ဖြတ်ကျော်၍ တံတားကြီးများ တည်ဆောက်ပေးထားပြီ။ တံတားကြီးကိုးစင်း တည်ဆောက်ပြီးစီး၍ ပြည်သူများ ကူးသန်းသွားလာနေကြပြီ။ ဧရာဝတီမြစ်ကျော်တံတားကြီးငါးစင်းကို ဆက်လက်တည်ဆောက်လျက်ရှိသည်။ ဧရာဝတီတံတား(ပခုက္ကူ)သည် တည်ဆောက်ဆဲတံတားကြီးများတွင် အပါအဝင်ဖြစ်သည်။ ပင်မတံတား အရှည်ပေ တစ်သောင်းကျော်ရှိပြီး ကားလမ်းနှင့် ရထားလမ်းပါဝင်သည်။ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြိုးပမ်းနေကြပြီ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းသို့ ဧပြီ ၂၄ ရက်က ရောက်ရှိစဉ် တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ **"တံတားကြီးများ မြန်မြန်ပြီးစီးလျှင် ပြည်သူများစောစီးစွာ အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ပြီး စီမံကိန်းဝင်လုပ်ငန်းကြီးများ တစ်ခုပြီးတစ်ခုပြီးစီးသွားသည်နှင့်အမျှ တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ မြန်မြန်ပြီးချင်ဇောဖြင့် လုပ်ဆောင်ရာတွင် ခိုင်ခံ့မှုနှင့် အရည်အသွေး မထိခိုက်စေရန်လည်း သတိပြုဆောင်ရွက်ကြရန်လိုကြောင်း"** မှာကြားသည်။

မြစ်ကူးတံတားကြီးများ တည်ဆောက်ရာတွင် လုပ်ငန်းပမာဏကြီးမားလှသဖြင့် အရည်အသွေးကောင်းမွန် ခိုင်ခံ့မှုအပိုင်းကို အထူးအလေးထားကြရပေမည်။ တံတားကြီးများ ပြီးစီးသင့်သည့်အချိန်တွင် ပြီးစီးရေး ကြိုးပမ်းနေကြရသကဲ့သို့ တစ်ဖက်မှ ငလျင်ဒဏ်၊ သဘာဝဘေးဒဏ်ခံနိုင်ရေး ကြိုတင်ကာကွယ်မှုများကိုလည်း ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ဧရာဝတီတံတား(ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တို့အတွင်း တည်ရှိသည်။ မကြာမီတည်ဆောက်ပြီးစီးတော့မည်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပခုက္ကူမြို့နှင့် အရှေ့ဘက်ခြမ်းဒေသများ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်ပေတော့မည်။ ဒေသထွက်ကုန် သယ်ဆောင်ရောင်းဝယ်မှုများ သွက်လက်မြန်ဆန်လာမှုနှင့်အတူ ပြည်သူတို့၏ လူမှုစီးပွားလုပ်ငန်းများ ပိုမိုတိုးတက် မြင့်မားလာမည်ဖြစ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇- ၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၇။ "စိမ်းလန်းစိုပြည် . . . ကမ္ဘာမြေ"
- ၈း၂၅ ၈။ တေးသရုပ်ဖော်အစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၁၅ ၃။ အကပြိုင်ပွဲ
- ၄း၂၀ ၄။ တေးဂီတအစီအစဉ်
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ သီချင်းကြီးပဒေသာ
- ၅း၀၅ ၈။ "မြူတိမ်ကင်းသောနေ့"
- ၅း၁၅ ၉။ တေးဂီတအစီအစဉ်
- ၅း၂၅ ၁၀။ International Science News
- ၅း၃၀ ၁၁။ "ရောင်စုံရေးသီ တေးပန်းချီ"
- ၅း၄၅ ၁၂။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၀၀ ၁၃။ ညနေခင်းသတင်း
- ၆း၁၅ ၁၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၅။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၆။ ရွှေရင်ခုန်သံ
- ၇း၀၀ ၁၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇း၃၀ ၁၈။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
- ၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၅၃)**
- ၂၄။ **မြန်မာဗီဒီယိုဇာတ်လမ်း "ဒေါ်မိမိခိုင်၏ ဖြောင့်ချက်" (ထွန်းထွန်း၊ မြင့်မြတ်၊ မင်းဟိဏ်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ကုသိုလ်)**
- ၂၅။ အစီအစဉ်ပြီး၏။

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရည်အသွေးပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေး ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ နာသုံးနာနှင့်အညီ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံသားတိုင်းအခြေခံ ပညာသင်ယူခွင့်ရရှိရေးနှင့် နိုင်ငံတော်၏ ပညာရေးအရည်အသွေးမြင့်မားရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများသည် နာသုံးနာနှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အရည်အသွေးပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)ရှိ ရွှေရတုခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနား၌ ပြောကြားသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးနှင့် အမှုဆောင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပုံနှိပ်သူများနှင့် ထုတ်ဝေသူများလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် ဧပြီ ၂၆

Yunnan Printing Association နှင့် Yunnan Printing Material Company ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံပုံနှိပ်သူများနှင့်ထုတ်ဝေသူများလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် အတွင်းရေးမှူး ဦးတင်ကိုကိုတို့ ဦးဆောင်လျက် အသင်းသူ၊အသင်းသား ၃၅ ဦး တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပမည့် Yunnan Printing and Packing, Equipment, Consumables, Paper and Printed Matter Exhibition သို့ တက်ရောက်ရန် ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

စာရေးနည်း လမ်းညွှန်သင်တန်း ရက်ပြင်ဆင်ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာအလှူလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်မည့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာနှင့် ဆောင်းပါးရေးနည်းအခြေခံများကို ပို့ချမည့် စာရေးနည်း လမ်းညွှန်သင်တန်း အမှတ်စဉ်(၂)ကို မေ ၃ ရက်တွင် ဖွင့်လှစ်မည့်အစား မေ ၂၅ ရက်တွင် ပြောင်းလဲ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် ဝတ္ထုတို၊ ဝတ္ထုရှည်ရေးနည်းကို လယ်တွင်းသားစောချစ်၊ မောင်ခိုင်ခန့်၊ ကြူကြူသင်း၊ မစန္ဒာ၊ ချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မနှင်းဖွေးနှင့် နွမ်ဂျာသိုင်းတို့ကလည်းကောင်း၊ ဆောင်းပါးရေးနည်းကို မောင်ခင်မင်(ဓနုဖြူ)၊ ချစ်စံဝင်း၊ မောင်ဝံသ၊ မနုသကျော်ဝင်း၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ချစ်နိုင်(စိတ်ပညာ)နှင့် မောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့ကလည်းကောင်း၊ ကဗျာရေးဖွဲ့နည်းကို မြင်းမူမောင်နိုင်မိုး၊ သူရဇော်၊ မောင်ဟေမာ၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မြေလတ်မောင်မြင့်သူ၊ ကို(တက္ကသိုလ်)နှင့် မောင်စိမ်းနောင်(လယ်ဝေး)တို့ကလည်းကောင်း ပို့ချကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်တွင် နေရာအနှံ့အပြား၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **နေ့အပူချိန်များမှာ** မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ထိုင်းနိုင်ငံ Thaicom Public Co., Ltd. မှ Chief Commercial Officer နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ထိုင်းနိုင်ငံ Thaicom Public Co., Ltd. မှ Chief Commercial Officer, Mr. Yongsit Rojsrivichaikul နှင့် အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ထိုင်းနိုင်ငံ Thaicom Public Co., Ltd. မှ Chief Commercial Officer, Mr. Yongsit Rojsrivichaikul နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

◆ **ရွှေဖုံးမှ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာမြို့ ဗိုလ်ချုပ်လမ်း အောင်မင်္ဂလာရပ်ကွက်ရှိ အသစ်ဖွင့်လှစ်ရန် တည်ဆောက်နေသော မြန်မာနိုင်ငံသားများဘဏ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မုံရွာမြို့ နန္ဒဝန် တိုးချဲ့ရပ်ကွက်ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး တိုင်းဒေသကြီး မန်နေဂျာရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရပ်မိရပ်ဖများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မစ္စတာ ဟာနီ ရီယဒ် မာဝါဒ်အား အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီဂျစ် အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရှရစ်ဖ် ယူဆွတ်ဖ် အဘတ်စ်၏ နေရာတွင် မစ္စတာ ဟာနီ ရီယဒ် မာဝါဒ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဟာနီ ရီယဒ် မာဝါဒ်သည် ၁၉၅၆ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးဘွဲ့ရရှိခဲ့သည်။ပါရီ၊ ဖရန့်ဖတ်၊ မဒရစ်နှင့် ဘူကီနား ဖာဆို ရှိ အီဂျစ်သံရုံးများ၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ဗဟိုအာဖရိကနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့နှင့် တောင်အာဖရိကဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ ဟာနီ ရီယဒ် မာဝါဒ်သည် အင်္ဂလိပ်၊ ပြင်သစ်နှင့် စပိန်ဘာသာစကားတို့ကို တတ်မြောက်သည်။၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သမီးနှစ်ဦး ရှိသည်။

(သတင်းစဉ်)

ပန်းချီဆရာ ၁၃၀ ကျော် ပါဝင်ရေးဆွဲသည့် ပန်းချီပြပွဲပြသ၊ ရောင်းချရငွေကို မုန်တိုင်းသင့်ဒေသ ရေကန်များပြုပြင်ရေး သုံးစွဲမည်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ပန်းချီပန်းပုခန်းမတွင် ဧပြီ ၂၅ ရက်က ပန်းချီဆရာ ၁၃၀ ကျော်ရေးဆွဲသော ပန်းချီကား ၁၄၆ ကားပြသထားသည့် The Givers အမည်ရှိ ပန်းချီပြပွဲကို စတင်ခင်းကျင်းပြသသည်။ အဆိုပါ ပြပွဲမှရရှိသည့် ရောင်းရငွေများကို ဂီရိမုန်တိုင်းသင့် ဒေသရှိ အများပြည်သူတို့၏ သောက်သုံးရေအဆင်ပြေစေရန် သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။

The Givers ပန်းချီပြပွဲကို ရန်ကုန် ပန်းချီပန်းပုကျောင်းမှ ကျောင်းသားဟောင်းများနှင့် ဆရာများအပါအဝင် ပန်းချီဆရာ ၁၃၀ တို့က ဝိုင်းဝန်းကူညီရေးဆွဲပေးထားကြောင်း၊ ပန်းချီကားရောင်းရသမျှ ငွေအားလုံးကို ပန်းချီဆရာများက လုံးဝမယူဘဲ ဂီရိမုန်တိုင်းကြောင့် ရေငန်များဝင်၍ ပျက်စီးသွားသော ရေကန်များကို ပြန်လည်ပြုပြင်ရာတွင် သုံးစွဲသွားမည်ဟု ပန်းချီပညာရှင် ဦးမြတ်ထွန်းအောင်က ပြောကြားသည်။

The Givers ပန်းချီပြပွဲကို ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်ကြာ ပြသသွားမည်ဖြစ်ပြီး ပန်းချီအမျိုးအစားများမှာ ရေဆေးပန်းချီကား ၃၀ နှင့် ဆီဆေးပန်းချီကား ၁၁၆ ကားဖြစ်ကြောင်း၊ တန်ဖိုးအမြင့်ဆုံး ပန်းချီကားမှာ အမေရိကန်ဒေါ်လာ ၂၀၀၀ ဖြစ်ကြောင်းနှင့် တန်ဖိုးအနိမ့်ဆုံး ပန်းချီကားမှာ ကျပ် ၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။ (၅၆၇)

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်း တိုးတက်မြင့်မားစေရေး နည်းစနစ်နှင့်အစီအမံများ အသိပညာပေး ဟောပြောမည်

နေပြည်တော် ဧပြီ ၂၆

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း (MRIA)သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နည်းပညာအကူအညီရယူပြီး ၂၀၁၁ ခုနှစ် မိုးစပါးရာသီမှ စတင်၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးကို အထောက်အကူပြုနိုင်မည့် စိုက်ပျိုးရေးနည်းစနစ်များ၊ အထွက်နှုန်းတိုးစေရန် ဆောင်ရွက်ရမည့် အစီအမံများကို အသိပညာပေးဆွေးနွေးဟောပြောမည်ဖြစ်သည်။

အဆိုပါ အထောက်အကူပြုဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူဦးကြီးများ၊ ဆန်စပါးလုပ်ငန်းလုပ်ကိုင်သူ (ဆန်စက်ပိုင်၊ ကုန်သည်များ)နှင့် စိတ်ပါဝင်စားသူများသည် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဖုန်း-၀၁-၂၁၈၂၆၆ နှင့် ၂၁၈၂၆၈ တို့သို့ ဆက်သွယ်စာရင်းပေးကာ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လှူမှတ်ဆွေ

(၈)ကြိမ်မြောက် အာဆီယံအကောက်ခွန်နှုန်း အမည်ပေးစနစ် အထူးလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၆

(၈)ကြိမ်မြောက် အာဆီယံအကောက်ခွန်နှုန်း အမည်ပေးစနစ် အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေး [The 8th Meeting Of The ASEAN Harmonized Tariff Nomenclature (8th AHTN) Task Force]ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ အကောက်ခွန် ကိုယ်စားလှယ်အရာရှိများ တက်ရောက်၍ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းနှင့် အာဆီယံအကောက်ခွန် အမည်ပေးစနစ်ဆိုင်ရာ အချက်အလက်များကို ဆွေးနွေးကြပြီး အစည်းအဝေးကို ဧပြီ ၃၀ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံအကောက်ခွန်နှုန်း အမည်ပေးစနစ် အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ တရားတော်
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာ့ရှုခင်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အဖွင့်သီချင်း
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ လျှပ်တစ်ပြက်
- ၄း၄၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၈။ ရွှေဟောင်းသုတ
- ၅း၀၀ ၉။ အားလုံးရဲ့တာဝန်
- ၅း၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၅၉)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ Mail Box
- ၆း၃၅ ၁၅။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၁၆)
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၁၅)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ
- ၂၃။ အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၇)**
- ၂၆။ ကြယ်ကလေးတို့ရဲ့ဂီတ မိုးကောင်းကင်
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

နိုင်ငံတကာသတင်းများ

အာဖဂန်နိုင်ငံတွင် အယ်လ်ခိုင်ဒါ ထိပ်ပိုင်းခေါင်းဆောင် သေဆုံး

ကဘူး ဧပြီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံအတွင်း သောင်းကျန်းသူ နံပါတ်နှစ် ပစ်မှတ်ဖြစ်သည့် အယ်လ်ခိုင်ဒါထိပ်ပိုင်းခေါင်းဆောင်အဗ္ဗဒူလ်ဂါနီသည် ၎င်းတို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားပြီဖြစ်ကြောင်း နိုင်ငံတကာတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံအနီး ကူနာပြည်နယ်၌ လွန်ခဲ့သည့်နှစ်ပတ်အတွင်းက လေကြောင်းမှတိုက်ခိုက်ခဲ့ရာတွင် ဆော်ဒီနိုင်ငံသား ဂါနီသေဆုံးခဲ့ရသည်ဟု မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ဦးဆောင်သော တပ်ဖွဲ့များက ပြောကြားသည်။

အဘူဟတ်အယ်လ်-နာဂျီဒီဟု လူသိများသည့် အဗ္ဗဒူလ်ဂါနီသည် လေ့ကျင့်ရေးစခန်းများကို ကွပ်ကဲ၍ နိုင်ငံခြားသားများနှင့် မျိုးနွယ်စုခေါင်းဆောင်များကို တိုက်ခိုက်ရန် စီစဉ်ခဲ့သူဖြစ်ကြောင်း နေတိုး၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သမ္မတ ဟာမစ်ကာဇိုင်း၏ ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သည့် အရှေ့ပိုင်းမျိုးနွယ်စုခေါင်းဆောင် မာလစ်ဇာရင်အပါအဝင် အထင်ကရ ပုဂ္ဂိုလ်များကို တိုက်ခိုက်မှုများတွင် အဗ္ဗဒူလ်ဂါနီသည် တာဝန်ရှိသူဖြစ်သည်။

အမေရိကန်အရာရှိများအပါအဝင် နိုင်ငံခြားသားများကို တိုက်ခိုက်ခြင်းတွင်လည်း ၎င်း၏ လက်ချက်ဖြစ်သည်ဟု စွပ်စွဲထားသည်။

နေတိုးက ၎င်းအား ၂၀၀၇ ခုနှစ်ကတည်းက လိုက်နေခဲ့ခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ အလိုရှိနေသော စစ်သွေးကြွများစာရင်းတွင်လည်း ၂၃ ဦးမြောက်ဖြစ်သည်။

အင်တာနက်။

ဆွေးနွေးပွဲအပြီး ဝန်ကြီးများအား အတူတကွတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်၊ဂျပန်နှင့်တောင်ကိုရီးယား သုံးနိုင်ငံလွတ်လပ်စွာကုန်သွယ်ရန်ကြိုးစား

တိုကျို ဧပြီ ၂၆

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများသည် သုံးနိုင်ငံလွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် ပေါ်ပေါက်လာရေးဦးတည်၍ ကြိုးပမ်းအားထုတ်ကြရန် သဘောတူညီကြကြောင်း တိုကျိုမှလာသော သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

၎င်းတို့၏ နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာစီးဆင်းခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးသည့် အဓိကအချက်တစ်ရပ်ဖြစ်ကြောင်း ဝန်ကြီးများက ပြောကြသည်။

ရှုမျှော်

အာရှစီးပွားရေးသည် အာရှနိုင်ငံများအကြား ကုန်သွယ်မှုတိုးတက်ရေးကို ရှုမျှော်လျက်ရှိသည်။ အတ္တလန္တိတ်သမုဒ္ဒရာ၏ ကမ်းနှစ်ဖက်မှ နိုင်ငံများသည် ကြုံတွေ့နေရသည့် ဘဏ္ဍာရေးပြဿနာများမှ ရုန်းထွက်နိုင်ရန် ကြိုးစားနေကြရသကဲ့သို့ အမေရိကန်နှင့် ဥရောပနိုင်ငံများမှ အဓိက ဈေးကွက်များကလည်း ဝယ်လိုအားကျဆင်းလျက်ရှိသည်။

၎င်းဝန်ကြီးများသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဧပြီ ၂၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ သုံးနိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူချက် ဖြစ်နိုင်ခြေများကို စူးစမ်းရှာဖွေကြရန်အတွက် အစိုးရအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များပါဝင်သော ပူးတွဲလေ့လာရေးကော်မတီ (ဂျေအက်စ်စီ) ကို ၎င်းသုံးနိုင်ငံက ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

အင်တာနက်။

မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ပါကစ္စတန်လူမျိုးလေးဦးကို အမေရိကန်စွဲချက်တင်

နယူးဒေလီ ဧပြီ ၂၆

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ပါကစ္စတန်လူမျိုးလေးဦးကို အမေရိကန်အစိုးရရှေ့နေများက တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၌ အမေရိကန်နိုင်ငံသားများကို သတ်ဖြတ်ရန် အားပေးကူညီမှုဖြင့် ပါကစ္စတန်လူမျိုးလေးဦးကို တစ်ဦးချင်းစီ စွဲချက်တင်လိုက်ခြင်းဖြစ်သည်။

မွမ်ဘိုင်းမြို့၌ ဖြစ်ပွားခဲ့သော ယင်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၆၅ ဦး သေဆုံးခဲ့သည်။

အမေရိကန် အစိုးရရှေ့နေများက အမည်နာမဖြင့် ထုတ်ဖော်သော ပါကစ္စတန်လူမျိုး လေးဦးအနက် တစ်ဦးမှာ ပါကစ္စတန်ထောက်လှမ်းရေးအရာရှိတစ်ဦးဖြစ်သည်ဟု စွပ်စွဲခံရသည်။

အင်တာနက်။

တရားမဝင်လုပ်ကိုင်သော ရွှေတွင်းများကြောင့် အမေဇုန်သစ်တော ပြုန်းတီးမှုဖြစ်ပေါ်

ဗျူနိုအေရီ ဧပြီ ၂၆

ပီရူးနိုင်ငံ မာဒရီဒီဒိုင်အော့စ်ဒေသရှိ အမေဇုန်မုတ်သုန်သစ်တော ပြုန်းတီးလာရခြင်းအကြောင်းတရားမှာ တရားမဝင်လုပ်ကိုင်နေသော ရွှေတွင်းတူးဖော်ရေးလုပ်ငန်းများကြောင့်ဖြစ်ရကြောင်း ပီရူးအထက်တန်းတာဝန်ရှိသူတစ်ဦးက ဧပြီ ၂၆ ရက်တွင် ပြောကြားသည်။

ပီရူးနိုင်ငံ မာဒရီဒီဒိုင်အော့စ်ဒေသ၌ မုတ်သုန်သစ်တော ဟတ်တာ ၃၂၀၀၀ ပျက်စီးခဲ့ရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အင်တိုနီယိုဂျာရက်က ပြောကြားသည်။

ပီရူးရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များသည် မတ်လအတွင်း တရားမဝင် ရွှေတူးသူများကို စီးနင်းရှာဖွေခဲ့ပြီး ယင်းလုပ်ငန်းများတွင် အသုံးပြုသော စက်ကိရိယာများကို သိမ်းဆည်းခဲ့ရသည်။

ပီရူးနိုင်ငံ၌ တရားမဝင်လုပ်ကိုင်နေသော ရွှေတွင်းများတွင် ခေတ်မမီတော့သော နည်းစနစ်များကို အသုံးပြုကာ ရွှေတူးလျက်ရှိကြသည်မှာ နှစ်ပေါင်းအတန်ကြာမြင့်ခဲ့ပြီဖြစ်သည်။

မာဒရီဒီဒိုင်အော့စ်ဒေသ၌ ရွှေတူးဖော်သောလုပ်ငန်းများက ပြဒါးများသုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။ **အင်တာနက်။**

ဗီယက်နမ်တွင် အကြီးစားလေဆိပ်တည်ဆောက်မည်

ဟိုချီမင်း ဧပြီ ၂၆

ဗီယက်နမ်နိုင်ငံရှိ စီးပွားရေးအချက်အချာကျရာ မြို့တစ်မြို့ဖြစ်သော ဟိုချီမင်းအနီးတွင် အကြီးစားလေဆိပ်တစ်ခု ဆောက်လုပ်ရေးလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ရန် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က အတည်ပြုလက်ခံလိုက်ပြီဖြစ်ကြောင်း ဗီယက်နမ်အစိုးရဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အကြီးစားလေဆိပ် ဆောက်လုပ်ခြင်းအားဖြင့် ဗီယက်နမ်နိုင်ငံတွင်သာမက ဒေသတွင်းရှိနိုင်ငံအားလုံးတွင် လေကြောင်းဆက်သွယ်သွားလာရေး ကွန်ရက်တစ်ခုကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ မူအားဖြင့် ချမှတ်ချက်ကို လက်ခံအတည်ပြုခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက ပြောကြားသည်။

ယင်းလေဆိပ်ကို လောင်သန်လေဆိပ်ဟု ခေါ်ဆိုပြီး ဟိုချီမင်းမြို့လယ်မှ ၃၅ မိုင်ခန့်ကွာဝေးသောနေရာတွင် ဆောက်လုပ်မည်ဖြစ်သည်။ လေဆိပ်တည်ဆောက်ရန် ကုန်ကျစရိတ် ဒေါ်လာ ၁၀ ဘီလီယံကုန်ကျမည်ဖြစ်သည်။ သို့သော် အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံရန်ငွေကို ထုတ်၍မပေးသေးဟုဆိုသည်။

ဟိုချီမင်းမြို့၏ ပက်လွတ်(ဥပဒေ)သတင်းစာတွင် ယင်းလေဆိပ်က နှစ်စဉ်ခရီးသည် ၅၂ သန်းနှင့် ကုန်ပစ္စည်းတန်ချိန် ၁ဒသမ ၅ သန်း ဝန်ဆောင်ပေးနိုင်မှုကို ၂၀၃၅ ခုနှစ်ထက် နောက်မကျဘဲ ဆောင်ရွက်နိုင်မည်ဟု ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံတောင်ပိုင်းရှိ တန်ဆွန်နက်လေဆိပ်သည် လောလောဆယ်၌ အကြီးဆုံးလေဆိပ်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည် ၁၂ သန်းနှင့် ကုန်စည်တန်ချိန် ၂၇၈၀၀၀ အတွက် ဝန်ဆောင်မှုပေးနေရရာ ဝန်နှင့်အားမမျှတ၍ ဝန်ဆောင်မှု မနိုင်မနင်း ပြဿနာကို ရင်ဆိုင်နေရသည်။ သို့ဖြစ်၍ ယင်းပြဿနာကို ဖြေရှင်းနိုင်ရန် ထို့ထက်ကြီးသောလေဆိပ်ကြီးကို ဆောက်လုပ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပီရူးနိုင်ငံ အမေဇုန်သစ်တောအတွင်းမှ ရွှေတူးဖော်ရေးလုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မီးတောင်ပြာမှုန်ဘေးအန္တရာယ် သိပ္ပံပညာရှင်များ သတိပေး

၂၀၁၀ ခုနှစ် ဧပြီ ၁၄ရက်က အိုက်စလန်နိုင်ငံ၌ မီးတောင်ပေါက်ကွဲနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေကျာဗစ် ဧပြီ ၂၆

လွန်ခဲ့သောနှစ်က အိုက်စလန်ကျွန်းနိုင်ငံတွင် မီးတောင်ပေါက်ကွဲခဲ့သဖြင့် ပြာမှုန်များကို မှုတ်ထုတ်ခဲ့ရာ လေကြောင်းပျံသန်းမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သဖြင့် လေကြောင်းခရီးစဉ်များကို ခုနစ်ရက်ကြာ ရပ်နားထားခဲ့ရသည်။ ယင်းသို့ ရပ်နားထားခဲ့ခြင်းသည် မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်ကြောင်း သိပ္ပံရေးရာ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယင်းမီးတောင်ပေါက်ကွဲရာမှ ထွက်ရှိသော ပြာမှုန်များသည် ဥရောပတစ်ခွင်နှင့် ဗြိတိန်ဝေဟင်များအထိ ရောက်ရှိခဲ့သည်။

ထိုစဉ်က မီးတောင်ပြာမှုန်များကြောင့် လေကြောင်းခရီးသည် ၁၀ သန်း သောင်တင်ခဲ့ပြီး စီးပွားရေးအရ ယူရို ၁ ဒသမ ၅ ဘီလီယံနှင့် ၂ဒသမ ၅ ဘီလီယံအကြား ဆုံးရှုံးနစ်နာခဲ့ရသည်။ မီးတောင်ပြာမှုန်များသည် လေယာဉ်များပျံသန်းရာ လမ်းကြောင်းများအတွင်းသို့ ဝင်ရောက်ခဲ့သဖြင့် လေကြောင်းခရီးစဉ်များကို ရပ်နားထားခဲ့ရသည်။

မီးတောင်ပြာမှုန် နမူနာများကို ယူ၍ စမ်းသပ်စစ်ဆေးသည့်အခါ လေကြောင်းပျံသန်းမှုကို ဘေးဥပဒ်ဖြစ်စေနိုင်ကြောင်း သုတေသီများက ရှာဖွေတွေ့ရှိခဲ့သည်။ ပြာမှုန်များသည် လေယာဉ်၏ အင်ဂျင်များကို ထိခိုက်စေနိုင်သည့်အပြင် လေယာဉ်၏ မှန်ပြတင်းများနှင့် ပွတ်တိုက်မိပါက မြင်ကွင်းကို မှုန်ဝါးစေနိုင်သည်။

၂၀၁၀ ခုနှစ် ဧပြီ ၁၄ ရက်တွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ မီးတောင်ပြာမှုန်များသည် ရုရှားနိုင်ငံအထိ ရောက်ရှိခဲ့သည်။ ကိုးကီလိုမီတာကျော်အမြင့်အထိ ပြာမှုန်များကို မှုတ်ထုတ်ခဲ့သည်။

သိပ္ပံရေးရာလေ့လာချက်သည်လေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အခြေခံဖြစ်စေသည်။ အနာဂတ်တွင် လေကြောင်းကုမ္ပဏီများ အနေဖြင့် မီးတောင်အန္တရာယ်ကို သတိရှိရန် ဤလေ့လာချက်က အထောက်အကူဖြစ်စေသည်ဟု သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

 နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တာလီဘန်က စီစဉ်သော ကန်ဒါဟာထောင်ဖောက်မှု နေတိုးနှင့် အာဖဂန်တပ်ဖွဲ့များအတွက် ထိုးနှက်ချက်ဖြစ်

ကန်ဒါဟာ ဧပြီ ၂၆

အာဖဂန်သမိုင်းတစ်လျှောက် အသေးစိတ်အကျဆုံး၊ စနစ်အကျဆုံး ထောင်ဖောက်မှုတစ်ရပ် အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် ဇဟိုအကျဉ်းထောင်၌ ဧပြီ ၂၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ရာ အကျဉ်းသားရာပေါင်းများစွာတို့ လွတ်မြောက်ခဲ့ကြသည်။

ထောင်ဖောက်မှုကို တာလီဘန်အဖွဲ့ကစီစဉ်ခဲ့ခြင်းဖြစ်ပြီး အရှည်ပေ ၁၁၈၀ ရှိသော မြေအောက်လိုဏ်ခေါင်းတစ်ခုကို အကျဉ်းထောင်ထဲအရောက်တူးကာ အကျဉ်းသားများကို ခေါ်ထုတ်သွားခြင်းဖြစ်သည်။

ကန်ဒါဟာအဝေးပြေးလမ်းမကြီးနှင့် ရဲတပ်ဖွဲ့စစ်ဆေးရေးစခန်းတို့၏အောက်မှ ဖြတ်သန်းဖောက်လုပ်ထားသည့် အရှည်မီတာ ၃၆၀ ရှိ ဥမင်လမ်းကို တာလီဘန်စစ်သွေးကြွများက ငါးလကြာမျှတူးဖော်ခဲ့ရကြောင်း အာဖဂန်ရဲတပ်ဖွဲ့ကဆိုသည်။

တာလီဘန်အဖွဲ့၏ထုတ်ပြန်ချက်အရ ထောင်ဖောက်၍ အကျဉ်းသားများကယ်ထုတ်မည့်စီမံကိန်းကို အကျဉ်းသားသုံးဦးသာကြိုတင်သိရှိခဲ့ရကြောင်း သိရသည်။ ဥမင်လမ်းတစ်လျှောက် အကျဉ်းသားများအား ကယ်ထုတ်မှုကို ဧပြီ ၂၄ ရက် ညပိုင်း ၁၁ နာရီမှစတင်ခဲ့ရာ ဧပြီ ၂၅ ရက် နံနက် ၃ နာရီ မိနစ် ၃၀တွင် ပြီးဆုံးခဲ့ကြောင်း တာလီဘန်အဖွဲ့၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အကျဉ်းသားများကို ကယ်ထုတ်နေစဉ်အတွင်း ထောင်ဖောက်မှုကို အာဖဂန်အာဏာပိုင်များသိရှိခဲ့ပါက တိုက်ခိုက်မှုများ လုပ်ဆောင်ရန် အသေခံဗုံးခွဲသမားများနှင့် အခြားစစ်သွေးကြွများက အကျဉ်းထောင်ပတ်ဝန်းကျင်၌ အသင့်စောင့်ဆိုင်းနေကြပြီး ထောင်ဖောက်အကျဉ်းသားကယ်ထုတ်မှုကို အောင်မြင်စွာလုပ်ဆောင်ခဲ့ပြီးနောက် ပြန်လည်ခြေရာဖျောက်သွားခဲ့သည်။

ဥမင်လမ်းမှတစ်ဆင့်လွတ်မြောက်ခဲ့သူ အကျဉ်းသားစုစုပေါင်းမှာ ၅၄၁ ဦးရှိကြောင်း တာလီဘန်အဖွဲ့ကကြေညာခဲ့သော်လည်း အာဖဂန်အာဏာပိုင်များက လွတ်မြောက်သွားသော အကျဉ်းသားဦးရေမှာ ၄၇၅ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။



တာလီဘန်များ ငါးလကြာမျှ တူးဖော်ခဲ့သော ဥမင်လိုဏ်အပေါက်ဝကို ကန်ဒါဟာ အကျဉ်းထောင်အတွင်း တွေ့ရစဉ်။

လွတ်မြောက်သွားသောအကျဉ်းသားများထဲ၌ တာလီဘန်တပ်မှူး ၁၀၆ ဦးပါဝင်ကြောင်း တာလီဘန်များကဆိုသည်။ သို့ရာတွင် အာဖဂန်အစိုးရသည် ထိပ်တန်းတာလီဘန်အကျဉ်းသားများကို ကဘူးမြို့ရှိထိန်းသိမ်းရေးစခန်းများနှင့် အာဖဂန်အမျိုးသားထောက်လှမ်းရေးအဖွဲ့က ကွပ်ကဲသည့်အကျဉ်းထောင်များ၌သာထားရှိရာ လွတ်မြောက်ခဲ့သူများထဲ၌ တာလီဘန်ထိပ်တန်းအကျဉ်းသားများပါဝင်နိုင်ဖွယ်မရှိပေ။

အာဖဂန်နစ္စတန်၏ လုံခြုံရေးအတင်းကျပ်ဆုံးအကျဉ်းထောင်များအနက်တစ်ခုဖြစ်သော ကန်ဒါဟာ ဇဟိုအကျဉ်းထောင်ရှိ အကျဉ်းသား ၁၂၀၀ အနက် ထက်ဝက်မျှကို တာလီဘန်များက တိတ်တဆိတ်ကယ်ထုတ်ခဲ့မှုအား အာဏာပိုင်များက အရိပ်အမြွက်မျှပင်မသိခဲ့ကြပေ။

သို့ဖြစ်ရာ အာဖဂန်ပြည်သူများအနေဖြင့် အစိုးရ၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ သံသယအမြင်ဖြင့်ကြည့်လာကြပြီး အကျဉ်းသားများလွတ်မြောက်မှုကြောင့် ကန်ဒါဟာပြည်နယ်၌ ပုန်ကန်ထကြွမှုများ မြင့်မားလာမည်ကို စိုးရိမ်လာကြသည်။

ကန်ဒါဟာထောင်ဖောက်မှုသည် ပြီးခဲ့သည့်နှစ်က တာလီဘန်သောင်းကျန်းသူနှိမ်နင်းမှုစစ်ဆင်ရေးများကို အရှိန်အဟုန်ဖြင့် ပြုလုပ်ခဲ့သော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)နှင့် အာဖဂန်တပ်ဖွဲ့များအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာသည်။

နေတိုးတပ်ဖွဲ့များက တာလီဘန်တိုက်ခိုက်ရေးသမားများကို ဖမ်းဆီးနှိမ်နင်းနေစဉ် တစ်ဖက်တွင်ဖြစ်ပေါ်ခဲ့သော ထောင်ဖောက်၍ အကျဉ်းသားကယ်ယူမှုကြောင့် အာဖဂန်နစ္စတန်၏ပြည်တွင်းလုံခြုံရေးတာဝန်များကို လွှဲပြောင်းရယူရန်ပြင်ဆင်နေသည့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်မှာ သံသယဖြစ်ဖွယ်ပင်။

အတွင်းလူတစ်စုံတစ်ဦး၏ ကူညီမှုမပါဘဲ တာလီဘန်များအနေဖြင့် အကျဉ်းသားငါးရာမျှကို လွတ်လွတ်လပ်လပ်ကယ်ထုတ်ရန် မဖြစ်နိုင်ကြောင်းအချို့ကယူဆထားကြသည်။

မည်သို့ဆိုစေ ကန်ဒါဟာအကျဉ်းထောင်ဖောက်မှုသည် အာဖဂန်စစ်မြေပြင်၌ နေတိုးနှင့်အာဖဂန်တပ်ဖွဲ့များကြုံနေရသည့် ပလိုင်းပေါက်နှင့်ဖားကောက်နေရသည့်အဖြစ်ကို ညွှန်းဆိုနေသည်။

၂၀၀၈ ခုနှစ် ဇွန်လအတွင်းက တာလီဘန်များသည် ကန်ဒါဟာပြည်နယ်အကျဉ်းထောင်ဂိတ်ဝကို ဖောက်ခွဲတိုက်ခိုက်၍ အကျဉ်းသားများကို လွှတ်ပေးခဲ့ဖူးရာ တာလီဘန်များအပါအဝင် အကျဉ်းသား ၁၀၀၀ ကျော် လွတ်မြောက်ခဲ့ဖူးသည်။ ထောင်ဖောက်မှုဖြစ်ပွားပြီး ရက်ပိုင်းမျှအကြာတွင် တာလီဘန်စစ်သွေးကြွရာပေါင်းများစွာတို့ ကန်ဒါဟာပြည်နယ်၌ ထကြွခဲ့ရာ အာဖဂန်အစိုးရက တပ်ကူများစေလွှတ်၍ နှိမ်နင်းခဲ့ရသည်။

အင်တာနက်။

ဖလော်ရီဒါပြည်နယ်သူတစ်ဦး၏ ရေချိုးခန်းအတွင်း အလျား ခုနစ်ပေရှိ မိကျောင်းတစ်ကောင် ဝင်ရောက်

ပါလ်မက်တို ဧပြီ ၂၆

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ပါလ်မက်တိုမြို့၌ နေထိုင်သော အမျိုးသမီးတစ်ဦး၏ နေအိမ်ရေချိုးခန်းတွင်းသို့ အလျားခုနစ်ပေရှိသော မိကျောင်းတစ်ကောင် ဝင်ရောက်ခဲ့ကြောင်း ဧပြီ ၂၅ ရက် သတင်းများတွင် ဖော်ပြသည်။

အလက်စစ်ဒန်ဘာဆိုသူ အိမ်ရှင်အမျိုးသမီးသည် ဧပြီ ၂၃ ရက်က နေအိမ်ပြင်ပသို့ ခေတ္တသွားရောက်ခိုက် အဆိုပါမိကျောင်းသည် အိမ်မလွယ်ပေါက်မှတစ်ဆင့် ဝင်ရောက်လာခြင်း ဖြစ်ဖွယ်ရှိကြောင်း သိရသည်။

မိကျောင်းသည် အိမ်အနီးရေကန်တစ်ကန်မှ ကုန်းပေါ်တက်ရောက်လာပြီး ခြံစည်းရိုးအောက်မှတိုးဝင်ကာ အိမ်မွေးကြောင်များ ဝင်ထွက်သွားလာသော နေအိမ်မလွယ်ပေါက်မှ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း အိမ်ရှင်အမျိုးသမီးဒန်ဘာက ပြောကြားသည်။တောရိုင်း တိရစ္ဆာန်ထိန်းသိမ်းရေးတာဝန်ရှိသူများ ရောက်ရှိချိန်အထိ ရေချိုးခန်းအတွင်းမှ မိကျောင်းအပြင် မထွက်နိုင်စေရန် ဒန်ဘာ၏ အမျိုးသမီးမိတ်ဆွေက စားပွဲခုံတစ်လုံးဖြင့် ရေချိုးခန်း ကို ပိတ်ဆို့ထားခဲ့ရသည်။

ဒန်ဘာ၏ နေအိမ်အတွင်း ဝင်ရောက်ခဲ့သော မိကျောင်းသည် အလျားလေးပေကျော်ပြီး လူနှင့်အိမ်မွေး တိရစ္ဆာန်များကို အန္တရာယ်ပြုနိုင်သောကြောင့် ၎င်းအား သတ်ဖြတ်ရန် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးတာဝန်ရှိသူများက စီစဉ်လျက်ရှိသည်ဟု ဆိုသည်။

ယင်းမိကျောင်းသည် မိမိ၏ ကြောင်နှစ်ကောင်ကို စားသောက်ရန် နေ့စဉ်နှင့်အမျှ ချောင်းမြောင်းနေပုံရကြောင်း၊ စိတ်မရှည်နိုင်သည့်အဆုံး ရေကန်မှတက်လာကာ မိမိနေအိမ်တွင်းသို့တိုင် ဝင်ရောက်လာခြင်းဖြစ်ဖွယ်ရှိကြောင်း ဒန်ဘာက ဆိုသည်။ **အင်တာနက်။**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် တာ့လျန်မြို့ လောက်ဟူတန် အဏ္ဏဝါဥယျာဉ်၌ ဝင်ရိုးစွန်း ဝက်ဝံငယ်နှစ်ကောင် ပြသထားသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် မွေးဖွားခဲ့သော အဆိုပါ ဝက်ဝံငယ် နှစ်ကောင်မှာ အမြွှာမောင်နှမဖြစ်ပြီး မွေးဖွားပြီး ၁၀၉ ရက်အကြာတွင် ဤသို့ အများပြည်သူ ကြည့်ရှုခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းဝင်ရိုးစွန်းဝက်ဝံ မောင်နှမသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပထမဦးဆုံး အကြိမ် ပေါက်ဖွားသော ဝက်ဝံအမြွှာအဖြစ် မှတ်တမ်းဝင်သွားပြီဖြစ်သည်။

[ဓာတ်ပုံ-ဆင်ဟွာ]

ကမ္ဘာ့အစပ်ဆုံးဖြစ်လာနိုင်ဖွယ်ရှိသည့် ငရုတ်သီးမျိုး ဗြိတိန်၌ ခြစ်ပြတြေးလျှထုတ်လုပ်

ဆစ်ဒနီ ဧပြီ ၂၆

ဗြိတိန်ငရုတ်စိုက်တောင်သူတစ်ဦး စိုက်ပျိုးခဲ့ပြီး ကမ္ဘာ့အပူဆုံးအစပ်ဆုံးငရုတ်သီးအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းဝင်ခဲ့သော နာဂဗိုက်ပါ ငရုတ်သီးသည် ပထမနေရာမှ မကြာမီ ဖယ်ရှားခံရဖွယ်ရှိကြောင်း ဧပြီ ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ယခုသြစတြေးလျနိုင်ငံသားအဖွဲ့တစ်ဖွဲ့က စိုက်ပျိုးထုတ်လုပ်သော ငရုတ်သီးတစ်မျိုးသည် ဓာတ်ငွေ့ကာမျက်နှာဖုံးများ၊ ဓာတုလက်နက်ကာကွယ်ရေးဝတ်စုံများဝတ်ဆင်၍ စားရလောက်အောင် ပူစပ်လှသည်ဟုဆိုရာ နာဂဗိုက်ပါငရုတ်သီး၏ စံချိန်ကို ချိုးဖြတ်နိုင်လောက်ဖွယ်ရှိသည်။

ထရီနီဒက်စကော်ပီယွန်ဘတ်ချ်တီ အမည်ရှိ ငရုတ်သီးကို ကမ္ဘာ့အပူဆုံး အစပ်ဆုံး ငရုတ်သီးအဖြစ် ဂင်းနစ်စံချိန်ဝင်ရန် သြစတြေးလျငရုတ်သီးစိုက်ပျိုးသူများက ကြိုးပမ်းလျက်ရှိသည်။

ထရီနီဒက်စကော်ပီယွန်ဘတ်ချ်တီ ငရုတ်သီးသည် အရှည်တစ်လက်မမျှသာရှိသော်လည်း ငရုတ်သီးတစ်တောင့်လျှင် အပူ အစပ်ပါဝင်မှုယူနစ် (Scoville Heat Units) ၁ ဒသမ ၄၆ သန်းရှိကြောင်း မဲလ်ဘုန်း ဓာတုဗေဒစမ်းသပ်မှုဌာန၏ အဆိုအရ သိရသည်။

ကမ္ဘာ့အပူအစပ်အများဆုံးငရုတ်သီးအဖြစ် လက်ရှိ မှတ်တမ်းဝင်လျက်ရှိသော ဗြိတိန်၏ နာဂဗိုက်ပါ ငရုတ်သီး၏ အပူအစပ် ပါဝင်မှုယူနစ်မှာ ၁ ဒသမ ၃၈ သန်းဖြစ်သည်။

ထရီနီဒက်စကော်ပီယွန်ဘတ်ချ်တီငရုတ်သီးကို မြည်းစမ်းပြီးနောက် ကယောင်ကတမ်းဖြစ်ခဲ့ရပြီး မတ်တပ်ပင်မရပ်နိုင်တော့ကြောင်း၊ မိနစ်

၂၀ကြာမျှ လမ်းမလျှောက်နိုင်တော့ဘဲ ယောင်တိယောင်ဝါးဖြစ်ခဲ့ရကြောင်း ငရုတ်သီးကို မြည်းစမ်းကြည့်ခဲ့သူ စိုက်ပျိုးရေးသမားတစ်ဦးကဆိုသည်။ **အင်တာနက်။**

မြန်မာနိုင်ငံတွင် အရပ်ဘက်အစိုးရပေါ်ထွက်လာခြင်း

[ဧပြီ ၂၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ထုတ်ဝေသော Beijing Review အပတ်စဉ်ထုတ်စာစောင်တွင် ဖော်ပြပါရှိသည့် ဆောင်းပါးရှင် Song Qingrun ၏ Civilians Come to Power ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။ ဆောင်းပါးရှင် Song Qingrun သည် တရုတ်မျက်မှောက် နိုင်ငံတကာဆက်ဆံရေးသိပ္ပံ၊ တောင်နှင့်အရှေ့တောင်အာရှဌာနမှ သုတေသနလက်ထောက်တစ်ဦး ဖြစ်ပါသည်။]

မြန်မာနိုင်ငံမှာ အသစ်ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနဲ့ ဒေါက်တာစိုင်းမောက်ခမ်းတို့အပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ ကျမ်းသစ္စာကျိန်ဆိုပြီး တာဝန်များ စတင်ထမ်းဆောင်လိုက်ခြင်းဟာ တိုင်းပြည်အတွင်းမှာ စစ်ဘက်မှအုပ်ချုပ်မှုကို တရားဝင်ရပ်စဲခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်မှာ တပ်မတော်အစိုးရက စတင်အကောင်အထည်ဖော်ခဲ့တဲ့ "ဒီမိုကရေစီစနစ်ဖော်ဆောင်ရေး မူဝါဒလမ်းစဉ် (၇)ရပ်"ဟာ ရည်မှန်းချက် ပြည့်မြောက်သွားတဲ့သဘောလည်း ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံဟာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေ ထပ်မံဖော်ဆောင်ဖို့ အဆင်သင့်ရှိနေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွေကို နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် မနှစ်က နိုဝင်ဘာလ ၇ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၂၉ သန်းရှိတဲ့အနက် ၇၆ ရာခိုင်နှုန်းကျော်ဟာ မဲပေးခဲ့ကြပါတယ်။ ရွေးကောက်ပွဲဟာ ပွင့်လင်းထင်သာမြင်သာမှုရှိပြီး ချောချောမွေ့မွေ့ပဲ ကျင်းပနိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ ရလဒ်တွေအပေါ် တရုတ်၊ အိန္ဒိယ၊ ရုရှားနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ကြိုဆိုခဲ့ကြပါတယ်။ အနောက်နိုင်ငံတွေကတော့ ရွေးကောက်ပွဲအပေါ် ဝေဖန်မှုပြုလုပ်ခဲ့ကြပေမယ့် စီးပွားရေးအရ ထပ်မံတားဆီးပိတ်ဆို့မှု ပြုလုပ်တာမျိုး မရှိခဲ့ပါဘူး။ အမေရိကန်ပြည်ထောင်စုရဲ့ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ Joseph Yun ဟာ ရွေးကောက်ပွဲတွေ ကျင်းပအပြီး တစ်လအကြာ ဒီဇင်ဘာလ ၇ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ မြန်မာနိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဒီလိုလည်ပတ်ခဲ့ခြင်းဟာ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံနဲ့ ထိတွေ့ဆက်ဆံမှု ပြုလုပ်ချင်တဲ့ဆန္ဒရှိတယ်ဆိုတာ ဖော်ထုတ်ပြသခြင်းပဲ ဖြစ်ပါတယ်။ အလားတူပဲ အီးယူအဖွဲ့ဝင်နိုင်ငံတွေဟာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သူတို့ထားရှိခဲ့တဲ့ မူဝါဒတွေအပေါ် ပြန်လည်ထိန်းညှိဆောင်ရွက်ဖို့ သင့်/မသင့် ဆွေးနွေးမှုတွေလည်း ပြုလုပ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်တွေကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ စတင်ခေါ်ယူကျင်းပခဲ့ပါတယ်။ လွှတ်တော်ကနေ ပြည်သူ့လွှတ်တော်ရဲ့ ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်ကိုလည်းကောင်း၊ သမ္မတအဖြစ် ဦးသိန်းစိန်ကိုလည်းကောင်း၊ ဒုတိယသမ္မတများအဖြစ် သီဟသူရဦးတင်အောင်မြင့်ဦးနဲ့ ဒေါက်တာစိုင်းမောက်ခမ်းတို့ကို အသီးသီး ရွေးချယ်တင်မြှောက်ခဲ့ပါတယ်။ အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပချိန်မတိုင်မီမှာပဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနဲ့ ဒေသဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွေကို ဖျက်သိမ်းကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ တပ်မတော်ကနေအုပ်ချုပ်လာခဲ့တဲ့ အခြေအနေနောက်ခံတွေကြားမှာ အခုဖြစ်ပေါ်လာတဲ့ အစိုးရသစ်ရဲ့ အထူးခြားဆုံးသမိုင်းဝင် အရည်အချင်းကတော့ ရွေးကောက်ပွဲကနေတစ်ဆင့်ပေါက်ဖွားလာတဲ့ အစိုးရတစ်ရပ်ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ အစိုးရသစ်ထဲမှာပါဝင်တဲ့ သမ္မတကနေ အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေအထိ နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲဥပဒေမှာဖော်ပြထားတဲ့လုပ်ငန်းစဉ်တွေနဲ့အညီ လွှတ်တော်ကနေ အတည်ပြုချက်ရယူပြီးမှ ခန့်အပ်ခဲ့ခြင်းဖြစ်ပါတယ်။ ကာကွယ်ရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးတွေကလွဲရင် ကျန်ဝန်ကြီးတွေဟာ အရပ်သားတွေ၊ အငြိမ်းစား တပ်မတော်အရာရှိကြီးတွေ ဖြစ်ပါတယ်။ တပ်မတော်အစိုးရလက်ထက်တုန်းကတော့ ဝန်ကြီးတွေအားလုံးဟာ တပ်မတော်အရာရှိကြီးတွေဖြစ်ပါတယ်။

WORLD

Civilians Come to Power

The end of the entrenched military regime will likely put Myanmar on a development track

By SONG QINGRUN

Myanmar's newly elected President U Thein Sein, vice presidents U Tin Aung Myint Oo and Sai Mauk Kham, together with all ministers, took their oaths on March 30, officially ending

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွေနဲ့ အစိုးရအဖွဲ့ရဲ့ သက်တမ်းကို ၅ နှစ် သတ်မှတ်ထားပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့ဟာ ရွေးကောက်ပွဲတွေကတစ်ဆင့် ပုံမှန်အပြောင်းအလဲတွေ ရှိနေမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့လဲ နိုင်ငံရေးပါတီတွေအများအပြားထဲကမှ စိတ်ကြိုက်ရွေးချယ်မဲပေးခြင်းဖြင့် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်မှာ ပါဝင်ခွင့်ရရှိနိုင်ကြပြီဖြစ်ပါတယ်။ ရွေးကောက်ပွဲအောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့ခြင်းနဲ့ အစိုးရအဖွဲ့သစ်တစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာ အနာဂတ်အတွက် ကောင်းမွန်တဲ့ စံနမူနာတစ်ခုကို ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

အစိုးရသစ်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ လူပုဂ္ဂိုလ်ရွေးချယ်မှုတွေအရဆိုရင် မြန်မာအစိုးရသစ်ဟာ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြှင့်တင်သွားရေးနဲ့ ပြည်သူလူထုအတွက် ဝန်ဆောင်မှု လုပ်ငန်းတွေ ပိုမိုဆောင်ရွက်ပေးသွားနိုင်ရေး ရည်မှန်းချက်တွေ ချမှတ်ထားတယ်ဆိုတာ ပြသနေပါတယ်။ သမ္မတကြီး ဦးသိန်းစိန်ဟာ နိုင်ငံရေးအရရော စစ်ဘက်ရေးရာတွေမှာပါ အတွေ့အကြုံ ကျယ်ကျယ်ပြန့်ပြန့်ရှိသူတစ်ဦးဖြစ်တဲ့ အတွက် အစိုးရနဲ့တပ်မတော်အကြား ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်သွားနိုင်ဖို့ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ နိုင်ငံရဲ့ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဒီမိုကရေစီ စနစ်ဖော်ဆောင်ရေးမူဝါဒလမ်းစဉ် (၇)ရပ်ကို ရေးဆွဲချမှတ်ခဲ့ရာမှာ ပါဝင်ခဲ့သူလည်းဖြစ်ပါတယ်။ ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးဟာလည်း နိုင်ငံရဲ့စီးပွားရေးနဲ့ ဘဏ္ဍာရေးကိစ္စရပ်တွေကို ကာလရှည်ကြာ တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်တဲ့အတွက် ဒီအတွေ့အကြုံတွေဟာ တိုင်းပြည်ရဲ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ဦးစားပေးဆောင်ရွက်သွားမယ့် အခုလိုအချိန်ကာလမှာ အများကြီးအထောက်အကူပြုမှာဖြစ်ပါတယ်။

အစိုးရအဖွဲ့သစ်ထဲမှာ လူမှုရေးနယ်ပယ်ထဲက အထင်ကရပုဂ္ဂိုလ်တွေလည်း အများအပြားပါဝင်လာပါတယ်။ တက္ကသိုလ်ကြီးတွေရဲ့ ပါမောက္ခချုပ်တွေကို ပညာရေး၊ ကျန်းမာရေးစတဲ့ ဝန်ကြီးဌာနတွေမှာ ဝန်ကြီးတွေအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ ဒီပညာရှင်တွေဟာ သူတို့ကိုင်တွယ်ဆောင်ရွက်ရမယ့် ကဏ္ဍရပ်တွေမှာ ကျွမ်းကျင်မှုရှိတဲ့ ပညာရှင်တွေဖြစ်ကြပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ မျိုးဆက်သစ်နိုင်ငံရေးသမားအများစုဟာ အသက်အရွယ်အားဖြင့် ၅၀ နဲ့ ၆၀ အရွယ်တွေဖြစ်ကြပါတယ်။ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းဟာ ရှမ်းတိုင်းရင်းသားလူမျိုးဖြစ်ပါတယ်။ ဒေါက်တာစိုင်းမောက်ခမ်းဟာ ဒေသခံပြည်သူတွေရဲ့ ချစ်ခင်လေးစားမှုကို ခံယူရရှိသူတစ်ဦး ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ရှိတဲ့ မြန်မာနိုင်ငံမှာ အမျိုးသားစည်းလုံးညီညွတ်ရေးဟာ တိုင်းပြည်အတွက် အရေးပါတဲ့ လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါတယ်။ ရှမ်းတိုင်းရင်းသား လူမျိုးစုတွေဟာ တိုင်းပြည်မှာ လူဦးရေအများဆုံးရှိတဲ့ လူနည်းစု တိုင်းရင်းသားဖြစ်တဲ့အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အရေးပါပါတယ်။

အစိုးရအဖွဲ့သစ် ရာထူးတာဝန်တွေ စတင်ထမ်းဆောင်ပြီး သမ္မတ ဦးသိန်းစိန် ပြောကြားခဲ့တဲ့ မိန့်ခွန်းထဲမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အတွက် ပြောကြားခဲ့သလို သူ့အနေနဲ့ တရားမျှတမှုရှိတဲ့ အစိုးရတစ်ရပ် ဖြစ်လာစေရေး တည်ဆောက်ကြိုးပမ်းသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဈေးကွက်စီးပွားရေးစနစ် ဆက်လက်အကောင်အထည်ဖော်ရေးနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ လက်ခံရရှိရေး၊ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်တွေကို အလေးထားပြောကြားသွားခဲ့ပါတယ်။ အစိုးရသစ်အနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု မြှင့်တင်ရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ ဥပဒေပြင်ဆင်ပြဋ္ဌာန်းမှုတွေ ပြုလုပ်သွားဖို့လဲရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ဝိသေသလက္ခဏာတွေအရ တိုင်းပြည်အနေနဲ့ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေကို တစ်ကြိမ်တည်းနဲ့ ချက်ချင်းအကောင်အထည်ဖော်ဖို့ မဖြစ်နိုင်ပါဘူး။ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အောင်မြင်စေဖို့ ပုံမှန်တစ်ဆင့်ချင်း တိုးတက်အကောင်အထည်ဖော်သွားဖို့ လိုအပ်ပါတယ်။ တပ်မတော်အနေနဲ့လည်း တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းစောင့်ရှောက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။

မြန်မာအစိုးရသစ်အနေနဲ့ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ရာမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ဆက်လက်ရှိနေဦးမှာဖြစ်ပေမယ့် မနှစ်က အောင်မြင်စွာကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ ရွေးကောက်ပွဲနဲ့အတူ အရပ်ဘက်အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာ တိုင်းပြည်အတွင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ ထပ်မံဖော်ဆောင်နိုင်ဖို့ လမ်းဖွင့်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အမြတ်ဆုံးချမ်းသာ" တရားတော် (ဆရာတော်အရှင်ပညာဒီပ)
၆း၃၅ ထင်ရှားဖူးမြော်ပင်းတယရွှေဥမင်သဘာဝလိုဏ်ဂူတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၆)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၄)**
၈း၄၅ ပျော်စရာကြီး Live Show (အပိုင်း-၃)
၉း၁၅ Activities In The City [အ. ထ. က(၂)လမ်းမတော်၏ (၁၂)ကြိမ်မြောက်မြတ်ဆရာ ပူဇော်ကန်တော့ပွဲ]
၉း၃၀ အားကစားမြင်ကွင်းစုံ
၁၀း၀၀ ပန်းများကိုပွင့်စေမွှေးစေသူများသို့ ဦးညွှတ်ခြင်း
၁၀း၂၀ အပန်းဖြေကြည့်ရှုစရာ ဇာတ်ကားမိတ်ဆက်ကဏ္ဍမှာ "မာယာအနမ်းအမှတ်တရ ကမ်းခြေ"ဇာတ်ကား
၁၀း၃၀ ခါတ်ပုံထဲမှအမှတ်တရများ (နီနီခင်ဇော်)
၁၁း၀၀ သင်ယူလေ့လာဂီတပညာ (Original of Music Video)
၁၁း၂၀ Artist Ko Thein (Movies Star Colourful 1st Solo Show)
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ သာသနာနုဂ္ဂဟဝေယျာဝစ္စ ဆန်အလှူအသင်းကြီး၏ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ (မင်္ဂလာဒုံမြို့နယ်)
၁၂း၁၅ သမိုင်းဝင်မဟာမေမြရုံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၏စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်အထွတ်တင်လှူပူဇော်ပွဲ
၁၂း၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်သားလုံးကြော်နှင့် သခွားသီးမှိုခြောက်ဟင်းချို)
၁း၀၀ "အမြတ်ဆုံးချမ်းသာ" တရားတော် (ဆရာတော်အရှင်ပညာဒီပ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (အလုပ်လုပ်တာကောင်းတယ်၊ အလုပ်မလုပ်တာကောင်းတယ်)
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၆)**
၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၄)**
၅း၀၅ အသည်းအစားထိုးခြင်းနှင့်ပတ်သက်သောသိကောင်းစရာ ဟောပြောခြင်း
၅း၂၅ Activities In The City (Earth Group of Companies Showroom ဖွင့်ပွဲ)
၅း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Lucky Time Trading Co.,Ltd ၏ ဂုဏ်ပြုပွဲအခမ်းအနား)
၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၇)**
၇း၂၅ ပျော်စရာကြီး Live Show (အပိုင်း-၄)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Cartoon Show Time (Barbie A Fairy Secret)
၉း၀၅ Celebrity Style (အိမ့်ချစ်နှင့်တွေ့ဆုံခြင်း)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၅)**
၁၀း၁၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-Bollywood Star စန္ဒာဝင်း)
၁၀း၄၅ Mega Star Talk (ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁း၁၀ Industrial Talk
၁၁း၄၀ လှပသစ်ဆန်းအလှပြင်ခန်း (i Hair & Beauty Spa)
၁၂း၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁၂း၁၀ World of Knowledge (Super Rig)
၁၂း၅၅ လွယ်ကူမြန်ဆန်စေရာ. . . စံမြန်မာ
၁း၁၀ လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၂)
၁း၄၀ ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား (အခြေခံ) (အပြည့်လွှဲခြင်း၊ သဲကျင်းဘန်ကာရိုက်ချက်)
၁း၄၅ Shooting Location (ဇီဇဝါခြံ)
၂း၀၅ ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ်(မင်းကွတ်)
၂း၃၀ Movie Mistake (Matrix)
၂း၅၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနဲ့သူ့လက်ရာ
၄း၂၅ တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄း၄၅ ထူးထူးခြားခြားပဲခူးမြို့မှ မြွေဘုရား
၅း၀၀ အစီအစဉ်ပြီး။

တာလေမြို့နယ်ခွဲမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရက ဒေါ်လာ ၂၅၀၀၀၀ လှူဒါန်း

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ အိန္ဒိယသမ္မတနိုင်ငံအစိုးရက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ အစိုးရက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲမှ ငလျင်ဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ကို အိန္ဒိယသမ္မတနိုင်ငံ အစိုးရကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗီလာဆွန်ဒါရာ ရာဂျမ်ရှေရာဒရီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံအစိုးရက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ကို အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာ ရာဂျမ်ရှေရာဒရီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၂၆

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်နှင့် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍစိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူးကိုယ်စား လက်ထောက်တိုင်းပညာရေးမှူးက တိုင်းဒေသကြီးအတွင်း ဥပမိရုပ်ကောင်းမွန်ရန် ပြုပြင်မည့် ကျောင်း ၁၀ ကျောင်းအခြေအနေနှင့် ဆရာ၊ ဆရာမ အင်အား နည်းပါးသည့်ကျောင်းများ အခြေအနေတို့ကို လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသဝမ်းစာဖူလုံရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နှစ်ရှည်ပင်၊ ရော်ဘာနှင့် ဆီအုန်းများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စေရေး၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးတို့အတွက် အရှိန်အဟုန်တိုးမြှင့်ကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကနေဒါနိုင်ငံနေ ဦးဌေးအောင်-ဒေါ်ခင်ထွေးကြည်၊ သမီး မဟေဇင်အောင် မိသားစုက ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့် လက်ခံယူစဉ်။ (ကြေးမုံ)

အထက(၁) စမ်းချောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

၁၉၈၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက သီဟ ဖုန်း-၀၉-၅၀၉၃၂၂၈၊ စိုးမိုးငြိမ်း ဖုန်း-၀၉-၅၁၁၃၂၃၄၊ ထွန်းထွန်းနိုင် ဖုန်း-၀၉-၅၁၂၄၅၉၉၊ အောင်မြင့်ဟန် ဖုန်း-၀၉-၅၁ ၃၈၅၅၁၊ အောင်စိုး ဖုန်း-၀၉-၅၁၁၉၅၉၂၊ သက်ဇင်လတ် ဖုန်း-၀၉-၅၁၆၂၇၂၃၊ ဟိန်းဇော်မြတ် ဖုန်း-၀၉-၅၁၇၁၅၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

သထုံခရိုင်အတွင်း မြို့နယ်များ၌ မူလတန်းကျောင်းဆောင်သစ်များ ဆောက်လုပ်လျက်ရှိ

နေပြည်တော် ဧပြီ ၂၆

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် သထုံခရိုင် ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်များ၌ နိုင်ငံတော်ကမတည်၍ ပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်လျက်ရှိသော ကျိုက်ထိုမြို့နယ် တောင်တက်မော်တော်ယာဉ်အသင်းမှ ဆောက်လုပ်လျက်ရှိသည့် အလျားပေ ၉၀၊ အနံပေ ၃၀ အာစီတစ်ထပ် ကော်ခြံမူလတန်းကျောင်းတည်ဆောက်ရေး လုပ်ငန်းခွင်သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဘီးလင်းမြို့နယ် အလျားပေ ၁၃၀၊ အနံပေ ၆၀ အုတ်ညှပ်တစ်ထပ် အမှတ်(၂) မူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ အလျားပေ ၆၀၊ အနံပေ၃၀ အုတ်ညှပ်တစ်ထပ် မူလတန်းကျောင်းတိုးချဲ့ဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို လည်းကောင်း၊ ညနေပိုင်းတွင် ပေါင်မြို့နယ် မိုးနိုင်းရပ်ရှိ အလျားပေ ၁၂၀၊ အနံပေ ၃၀ အာစီတစ်ထပ် မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေကိုလည်းကောင်း လှည့်လည်သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ချိန် ပြီးစီးအောင်ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။ (သတင်းစဉ်)

မီးဘေးသင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ အခမဲ့ထုတ်ပေး

ရေစကြို ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ငွေးဂုဏ်ကျေးရွာတွင် ဧပြီ ၁၉ ရက်က မီးလောင်ခဲ့ရာ၌ ပျက်စီးဆုံးရှုံးခဲ့ကြသော မီးဘေးသင့်ပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၄ ခု၊ အိမ်ထောင်စုလူဦးရေစာရင်း ၂၇ ခု ပေးအပ်ပွဲကို ဧပြီ ၂၆ ရက် နံနက်တွင် ငွေးဂုဏ်ကျေးရွာ၌ ကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထံ ပေးအပ်သည်။**(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ ခရိုင်ဦးစီးဌာနမှူးနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်ဦးစီးဌာနမှူး ဦးပြုံးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ စိစစ်ရေးကတ်လက်ခံသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၃၇၄)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ဩစတြေးလျ ဓနသဟာယနိုင်ငံ Rotary Club of Essendon က ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဩစတြေးလျ ဓနသဟာယနိုင်ငံ Rotary Club of Essendon က ဆေးရုံသုံးပစ္စည်းကိရိယာများ လှူဒါန်းပွဲကို ယမန်နေ့ ညနေ ၅ နာရီတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပရာ Rotary Club of Essendon ဥက္ကဋ္ဌ Mr. Glen Smith က အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံကာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။**(ယာပုံ)**

ဩစတြေးလျဓနသဟာယနိုင်ငံ Rotary Club of Essendon အနေဖြင့် အဆိုပါဆေးရုံကြီးသို့ ၂၀၀၉ ခုနှစ် ဧပြီ ၂ ရက်တွင် ပထမအကြိမ် အမေရိကန်ဒေါ်လာ ၁၀၀၀၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ ၂၀၁၀ ခုနှစ် ဧပြီ ၂ ရက်တွင် ဒုတိယအကြိမ် အမေရိကန်ဒေါ်လာ ၂၂၀၀၀တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာ စက်ကိရိယာများနှင့် ဆေးဝါးများလှူဒါန်းခဲ့ပြီး ယခုအကြိမ်မှာ တတိယအကြိမ်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (သတင်းစဉ်)

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ရေဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ဧရာဝတီတံတား (ညောင်တုန်း) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတား တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မအူပင်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းစီစဉ်မှု၊ Myanmar Thiha Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ဧပြီ ၃၀ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးအေးကျော် (MHR) က "လူသားအရင်းအနှီးနှင့် အစွမ်းအစ ရှိသူများကို စီမံခန့်ခွဲရာတွင် ထိပ်ပိုင်းဦးဆောင်သူများ၏ အခန်းကဏ္ဍ" (Top Leadership Role in Human Capital & Talent Management) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ကမ်းရိုးတန်းမှ

အမေရိကန်နိုင်ငံရှိ သစ်တောသုတေသနစခန်းများမှ သိပ္ပံပညာရှင်များ၊ ဖင်လန်နိုင်ငံ ပယ်ဆင်ကီ တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၊ အင်ဒိုနီးရှားနိုင်ငံရှိ နိုင်ငံတကာ သစ်တောသုတေသန ဗဟိုဌာနမှ သိပ္ပံပညာရှင်များ၏ ပူးတွဲလေ့လာချက်တစ်ရပ်တွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များသည် အိန္ဒိယနှင့် ပစိဖိတ်ဒေသတစ်ဝန်းရှိ ဒီရေရောက်သစ်တော ၂၅ ခု၏ ကာဗွန်သိုလှောင်နိုင်စွမ်းကို လေ့လာခဲ့ကြသည်။

ဒီရေရောက်သစ်တောများသည် ကမ္ဘာတစ်ဝန်းရှိ အပူပိုင်းသစ်တောများနှင့် နှိုင်းယှဉ်ပါက တစ်ဇကလျှင် ကာဗွန်သိုလှောင်နိုင်စွမ်း လေးဆပိုမိုမြင့်မားသည်ကို တွေ့ရသည်။

ဒီရေရောက်သစ်တောများ၏ ကာဗွန်သိုလှောင်နိုင်စွမ်းနှင့် ပတ်သက်၍ ယခင်က အတိအကျ ခန့်မှန်းတွက်ချက်မှုများ မရှိခဲ့ဖူးကြောင်း အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်း ဟီလိုမြို့ရှိ သစ်တောသုတေသနသိပ္ပံမှ သုတေသီ ဒိုနာထိုက ပြောကြားသည်။

ပင်လယ်ကမ်းရိုးတန်းဒေသများရှိ ဒီရေရောက်သစ်တောများ၏ ကာဗွန်သိုလှောင်နိုင်စွမ်း မြင့်မားရခြင်းမှာ အပင်များ ရှင်သန်ပေါက်ရောက်နိုင်သော မြေဆီလွှာအတွင်း အော်ဂင်းနစ်ကြွယ်ဝမှုကြောင့်ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

❍ ကျောဖုံးမှ

ပေါ်ပေါက်စေကာ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းမှ အရှေ့ဘက်ခြမ်းသို့ လွယ်ကူစွာဆက်သွယ်လာနိုင်စေရန်ဖြစ်သည်။

ဧရာဝတီတံတား(မလွန်)သည် ပင်မတံတားအရှည် ၃၂၁၅ ပေ ၅ လက်မ၊ တံတားအကျယ် ယာဉ်သွားလမ်း ၂၈ ပေ၊ ရထားလမ်း ၁၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး ရေလမ်းကင်းလွတ် အမြင့် ၅၇ ပေ၊ ရေကြောင်းကင်းလွတ်အကျယ် ၃၂၁ ပေ ၆ လက်မ၊ တံတားအမျိုးအစားမှာ ကိုယ်ထည်ပိုင်း သံကူကွန်ကရစ်ဖြစ်ပြီး အပေါ်ထည်ပိုင်းမှာ သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

၎င်းတံတားကြီးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့ (၄) မှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး မဝေးတော့သောအနာဂတ်တွင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးကာ ဒေသဖွံ့ဖြိုးမှုနှင့် ဒေသခံတို့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စအဝဝ မြင့်မားတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ရုံမက အမျိုးသားမီးရထားကွန်ရက် ချိတ်ဆက်ကာ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးကိုပါ အထောက်အကူပြုနိုင်တော့မည် ဖြစ်ပါသည်။ ။

ပြည်သူများ အသိပညာမြင့်မားရေး စာကြည့်တိုက်များ မြှင့်တင်ဖော်ဆောင်

အလင်းစေတမန်စာကြည့်တိုက်ဖွင့်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အားပေး

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူတို့က ဘားအံမြို့နယ် ဝါးဆူးကျေးရွာ အလင်းစေတမန် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၆

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ပြည်နယ်ဝန်ကြီးများသည် ဧပြီ ၂၀ ရက် နံနက် ၈ နာရီတွင် ဘားအံမြို့နယ် ဝါးဆူးကျေးရွာ၌ ကျင်းပသည့် အလင်းစေတမန် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်းက Sky Net စလောင်းနှင့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းပြီး တာဝန်ရှိသူများက သုတရသစာအုပ်များ၊ စာအုပ်စာစောင်များနှင့် ၂၁ လက်မ ရုပ်မြင်သံကြားပြစက်တို့ကိုလည်းကောင်း၊ စေတနာရှင်ပြည်သူများက စာအုပ်ဗီရို၊ စားပွဲ၊ ထိုင်ခုံတန်းလျားရှည်နှင့် ငွေကျပ် ၁၃၀၀၀၀၀ တို့ကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုင်ကျင်းကျေးရွာ အလင်းသစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျိုက်ခါး ဧပြီ ၂၆

ကျိုက်ခါးမြို့နယ် ဟိုင်ကျင်းကျေးရွာ အလင်းသစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၇ ရက်တွင် အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်လွင်က အမှာစကားပြောကြားပြီး ပြန်/ဆက်ဦးစီးဌာနမှူး ဦးကျင်ဇာခမ်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် အလှူရှင် ၁၄ ဦးက အလှူငွေများပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်တာဝန်ခံတို့က လက်ခံရယူကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မော်ကျွန်း၌ ပိတောက်ဝါစာကြည့်တိုက် ဖွင့်လှစ်

မော်လမြိုင်ကျွန်း ဧပြီ ၂၆

မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာ ပိတောက်ဝါ ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဖူထီကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းဌေးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပိတောက်ဝါ ကျေးလက်စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ်စာစောင် ၂၅၀၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်ညွန့်က သုတရသ စာအုပ်စာစောင် ၅၀ နှင့် မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ဦးစီးမှူး ဦးဇော်သန်းက သုတရသစာအုပ်စာစောင် ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပိတောက်ဝါကျေးလက်စာကြည့်တိုက် ကော်မတီဝင်များက လက်ခံရယူကြပြီး စာကြည့်တိုက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သိရသည်။(မြို့နယ်ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အမှတ်(၂)ရပ်ကွက် (တောင်ပိုင်း) အလင်းရောင်စာကြည့်တိုက်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်(၃) ဒေါ်ရည်လေးလွင်နှင့်အဖွဲ့ ဧပြီ ၅ ရက်တွင် စာကြည့်တိုက်ကော်မတီဝင်များ၊ စာဖတ်ပရိသတ်များနှင့် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကို တွေ့ဆုံဆွေးနွေးကြရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ထွန်း အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ဓာတ်အားခွဲရုံများ စစ်ဆေး

နေပြည်တော် ဧပြီ ၂၆

မြန်မာနိုင်ငံတွင် ပထမဆုံးတပ်ဆင်အသုံးပြုမည့် တရုတ်နိုင်ငံလုပ် LEEEC အမျိုးအစား (၂၃၀/၃၃/၁၁)ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ နှစ်လုံးသည် မန္တလေးမြို့ မြောက်ပြင် ပင်မဓာတ်အားခွဲရုံတွင် တပ်ဆင်ရန်အတွက် ရန်ကုန်မြို့မှ ရေယာဉ်ဖြင့် ဂေါဝိန်(ချော်ဆိပ်) ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

အဆိုပါ ထရန်စဖော်မာများကို ဆိပ်ကမ်းမှ မြောက်ပြင် ပင်မဓာတ်အားခွဲရုံသို့သယ်ယူရန် ရေယာဉ်ပေါ်မှ မော်တော်ယာဉ်ပေါ်သို့ ပြောင်းရွှေ့နေမှုကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၃ ရက် ညနေ ၃ နာရီ မိနစ် ၂၀ တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြောင်းလဲအသုံးပြုမည်

ယခင်တပ်ဆင်ထားရှိသည့် Single Phase ၃၃ ဒသမ ၃ အမ်ဗွီအေထရန်စဖော်မာ သုံးလုံးအစား Three Phase ၁၀၀ အမ်ဗွီအေတစ်လုံးဖြင့် စတင်ပြောင်းလဲ အသုံးပြုမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်ရှိ ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံ၊ မွန်းလွဲပိုင်းတွင် မုံရွာမြို့နယ်ရှိ အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာနှင့် ခရိုင်နှင့် မြို့နယ် လျှပ်စစ်ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာရာ အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၄ ဌာနတို့၌ ဖြေဆိုသူ ၁၈၃၂၈ ဦး၊ အောင်မြင်သူ ၈၉၈၀ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၄၇၉ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ ခုံအမှတ်-၈၄ မောင်မီးရယ်ချို ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယ ခုံအမှတ်-၄၉ မောင်အိုက်ပိုင် ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယ ခုံအမှတ်-၁၅ မောင်သန်းထွန်းလေး ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်ကြောင်း။

အဘိဓမ္မာဂုဏ်ထူးဆောင်

အဘိဓမ္မာ ဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၈ ဌာနတို့၌ ဖြေဆိုသူ ၄၀၅၇ ဦး၊ အောင်မြင်သူ ၃၀၆၃ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၇၀၁ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ ခုံအမှတ်-၁၈ မတင်ဇာဖြိုး ပြင်ဦးလွင်စာဖြေဌာန ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယ ခုံအမှတ် -၂ မောင်ခိုင်လင်းအောင် နတ်ရေကန်စာဖြေဌာန အမရပူရမြို့ မန္တလေးတိုင်းဒေသကြီးနှင့် တတိယ ခုံအမှတ်-၁၇ ဒေါ်ဖြိုးသူဇာလင်း ပြင်ဦးလွင်စာဖြေဌာန ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီးတို့ဖြစ်ကြောင်း။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၄ ဌာနတို့၌ ဖြေဆိုသူ ၂၈၁၇ ဦး၊ အောင်မြင်သူ ၁၇၅၆ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၃၁၁ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ ခုံအမှတ်-၁၀ မမေစိုးဌေး မအူပင်စာဖြေဌာန မအူပင်မြို့ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယ ခုံအမှတ်-၅၆ ဦးမျိုးသွင် လှိုင်စာဖြေဌာန လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ တတိယ ခုံအမှတ်-၄ ဒေါ်ညီညီ ကျောက်မဲစာဖြေဌာန ကျောက်မဲမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ဖြစ်ကြောင်းနှင့် အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ် သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ (သတင်းစဉ်)

မြေကြီးမြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေး လုပ်ငန်းစီမံချက် ရှင်းလင်းဆွေးနွေး

မန္တလေး ဧပြီ ၂၆

လယ်ယာကဏ္ဍ စိုက်ဧကစာရင်းကိန်းဂဏန်းများ တိကျမှန်ကန်စွာ ကွင်းဆင်းကောက်ယူ ပြုစုတင်ပြနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ရွှေသည် တိုင်းဒေသကြီးမြေစာရင်း ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်/မြို့နယ်ခွဲ မြေစာရင်းဦးစီးဌာနမှူးများအား မြေကြီးမြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

အပြီးသတ်မည်

စဉ့်ကိုင်မြို့နယ်တွင် ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကွင်းပေါင်း ၁၈၃ ကွင်း၊ ကွင်းရှိဧက ၁၁၀၈၃၆ ဧက၊ လက်ရှိဧရိယာ ၇၀၇၂၅ ဧကကို ဝန်ထမ်းအင်အား ၇၇ ဦးတို့ဖြင့် မေ ၁၀ ရက်အတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဟု သိရှိရသည်။

(၄၆၉)

အရိုးရောဂါပညာ ဆရာဝန်ညီလာခံ ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဧပြီ ၂၆

(၂၂)ကြိမ်မြောက် အရိုးရောဂါပညာဆရာဝန် ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်း ကိုယ်စားလှယ်များအား ဧပြီ ၂၈ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး (အပေါ်ဆုံးထပ်)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါ၍ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(ကြေးမုံ)

ဂဟေသင်တန်းတက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂဟေသင်တန်း အဋ္ဌမအပတ်စဉ်သို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ ပထမအဖွဲ့အဖြစ် သင်တန်းသား ၁၉ ဦးသည် ဧပြီ ၂၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအုန်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် ဦးသန်းထွန်းအောင်၊ ဗဟိုကော်မတီဝင် ဦးလှကြိုင်နှင့် သင်တန်းသား မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းမှာ သုံးနှစ်ကြာမြင့်မည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

တိကျသော ကုသမှု၊ ထိရောက်သော ဆေးဝါးအသုံးပြုမှုရရှိရန် လိုအပ်နေသေး ပြည်သူများ ယုံကြည်အားကိုးသည့် ဆေးရုံကြီးများဖြစ်အောင် ကြိုးစား

နေပြည်တော် ဧပြီ ၂၆

ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းသည် ပြည်သူများ၏ အသက်နှင့် ရင်းနှီးရသည့်အတွက် အထူးဂရုစိုက်အလေးထားဆောင်ရွက်ရန်၊ လူအများ၏ အသက်နှင့် ရင်းနှီးရသည့် ကျန်းမာရေး စောင့်ရှောက်ရေးလုပ်ငန်းတွင် နိုင်ငံတော်က ခွင့်ပြုဘဏ္ဍာငွေနှင့် လူနာအတွက် အသုံးပြုရန် ထောက်ပံ့မှုများကို အလွဲသုံးစား အကျိုးမဲ့မဖြစ်စေရန်၊ မကုန်သင့်သည်ကို မကုန်စေဘဲ အလေအလွင့်မရှိစေရေး ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်ရန်၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဖောက်ချ၍ အောင်မြင်အောင် ဆောင်ရွက်သည့် မည်သူ့ကိုမဆို၊ မည်သည့်အဖွဲ့အစည်းကိုမဆို မုဒိတာပွားကာ အချင်းချင်း စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဧပြီ ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး အစည်းအဝေးခန်းမ၌ ဗဟိုအဆင့်ဆေးရုံကြီးများရှိ ဆေးရုံအုပ်များအား မှာကြားသည်။ **(အပေါ်ပုံ)**

ထပ်လောင်းမှာကြား

ဆက်လက်၍ တိကျသောကုသမှု၊ ထိရောက်သော ဆေးဝါးအသုံးပြုမှုကို လူနာများရရှိရန် လိုအပ်နေသေးကြောင်း၊ ပြည်သူများ ယုံကြည်အားကိုးသည့် ဆေးရုံကြီးများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ဖြင့်လည်း ဝန်ကြီးက ထပ်လောင်းမှာကြားခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အထူးကုဆေးရုံ (သာကေတ)သို့ သွားရောက်၍ လူနာကုသဆောင်များ၊ နှစ်သိမ့်ဆွေးနွေးပညာပေးခန်း၊ ဓာတ်ခွဲခန်း၊ တိုးချဲ့ဆောက်လုပ်သည့် အဆောက်အအုံနေရာ၊ ဓာတ်မှန်ခန်း၊ လူနာမိသားစု တည်းခိုဆောင်များ၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု လုပ်ငန်းခွင်နှင့် သွားဆေးကုသခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

လှူဒါန်း

အထူးကုဆေးရုံ (သာကေတ)သို့ ပြည်ထောင်စုဝန်ကြီး လာရောက်ကြည့်ရှုစစ်ဆေးစဉ် ဆေးရုံခန်းမ၌ စေတနာရှင် ဦးမျိုးဝင်းမိသားစုက ဆေးရုံအတွက် တီဗွီ၊ အောက်စက်နှင့် Sound Box တစ်စုံကိုလည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က စက်ရေတွင်းတူးဖော်ရန် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

စိစစ်ရေးကတ်ပြားများပေးအပ်

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ကျကူနီကျေးရွာရှိ ငလျင်ဘေးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးသွားသူ ၃၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် အိမ်ထောင်စုလူဦးရေ စာရင်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ရွှေပြည်သာမြို့နယ် အချိုရည်စက်ရုံဂိုဒေါင် မီးလောင်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် ၄၂/၁၁၆(A) ကနောင်မင်းသားကြီးလမ်း စက်မှုဇုန်(၁) ရှိ Ve Ve အချိုရည်စက်ရုံ ပင်မဂိုဒေါင်တွင် ဧပြီ ၂၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးစတင်လောင်ခြင်း အကြောင်းမှာ အလျားပေ ၁၀၀၊ အနံ ၂၅ပေ၊ အမြင့်ပေ ၂၀၊ အထပ်သားမိုး၊ အုတ်ကာ၊ အုတ်ခင်း၊ ပစ္စည်းသိုလှောင်ခန်းအတွင်း air con ပလပ်ခုံ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် ပစ္စည်းသိုလှောင်ခန်း၊ စတေကာ၊ နို့မှုန့်နှင့် အချိုရည်အဆီများ မီးလောင်ခံရပြီး တန်ဖိုးငွေကျပ် ၃၀၅ သိန်းခန့် ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင်အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ မီးသတ်ယာဉ် ၃၁ စီး၊ အုပ်ချုပ်မှုယာဉ် ကိုးစီး၊ သန္နွေတပ်ဖွဲ့ဝင် ၂၁၆ ဦး၊ အရန်တပ်ဖွဲ့ဝင် ၈၃ ဦးနှင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၃၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် စက်ရုံပြင်/ထိန်းတာဝန်ခံ ဦးကျော်စိုးသန်း(ဘ) ဦးကြည်အား ပ-၃၇၅/၂၀၁၁၊ ပုဒ်မ ၂၈၅ ဖြင့် ရွှေပြည်သာရဲစခန်းမှ အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

(၅၆၇)

အိမ်အလည်လာသော ဇနီးမောင်နှံရန်ဖြစ်ပြီး ဇနီးကိုသတ် အလည်ရောက်ရှိနေသော အိမ်အား မီးရှို့

ကျောက်တော် ဧပြီ ၂၆

အိမ်အလည်လာသော ဇနီးမောင်နှံနှစ်ဦး ရန်ဖြစ်ရာတွင် ယောကျ်ားဖြစ်သူက ဇနီးသည်ကို ဓားဖြင့်ခုတ်သတ်၍ အလည်ရောက်ရှိနေသော နေအိမ်အား မီးရှို့ခဲ့ရာ အဆောက်အအုံ ၃၁ လုံး မီးလောင်ခံခဲ့ရသည်ဟု သိရသည်။

ဖြစ်ပွားပုံမှာ ဧပြီ ၂၁ ရက်က ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ရေမိုင် ၄၆မိုင်ကျော်ကွာဝေးသော အထက်တင်းမရွာနေ ဦးမဲလား၏နေအိမ်သို့ ဦးအကျော်ချေ အသက်(၃၂)နှစ်နှင့် ဇနီးဖြစ်သူ ဒေါ်အဖြူချေ(၂၇)နှစ်တို့ အလည်ရောက်နေစဉ် လင်မယားစကားများရန်ဖြစ်ခဲ့ရာမှ ခင်ပွန်းဖြစ်သူဦးအကျော်ချေက ဓားဖြင့်ခုတ်လိုက်ရာ ဇနီးဖြစ်သူဒေါ်အဖြူချေ သေဆုံးခဲ့ပြီး ဆက်လက်၍ ဦးမဲလာ၏နေအိမ်အား မီးရှို့ခဲ့ရာ နေအိမ် ၂၉ လုံး၊ ကျေးရွာမူလတန်းကျောင်းတစ်ကျောင်း၊ ဇရပ်တစ်ဆောင် စုစုပေါင်း အဆောက်အအုံ ၃၁ လုံး မီးလောင်ခံရပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၈၆ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြင်းမီးလောင်မှုကြောင့်အိမ်ထောင်စု ၂၉ စု၊ လူကြီး လူငယ် ၇၉ ဦး၊ အမျိုးသမီး ၇၉ ဦးစုစုပေါင်း ၁၅၈ ဦးတို့ အိုးမဲ့အိမ်မဲ့ ဖြစ်သည်ဟု ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးမှ သိရှိရသည်။

(၅၆၇)

ရေနံချောင်းမြို့နယ်၌ ကလေးငယ်တစ်ဦးဆိုင်ကယ်တိုက်ခံရ

ရေနံချောင်း ဧပြီ ၂၆

ရေနံချောင်းမြို့နယ် မြို့မတောင်ရပ်ကုန်သည်လမ်း မြို့လယ်ခန်းမအနီး၌ ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးကို အနောက်မှ အရှေ့သို့စီးလာသော ဆိုင်ကယ်က ဝင်တိုက်သွားသည်။

ဖြင်းဆိုင်ကယ်မောင်းသူသည် ထိုကလေးငယ်အား ပြန်လည်ကြည့်ရှုခြင်းမရှိဘဲ ထွက်ပြေးသွားကြောင်း သိရသည်။

(၂၀၈)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍဆိုင်ရာ နည်းပညာပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် အောင်ပန်း-ရွာငံ ကတ္တရာလမ်းပြုပြင်နေမှု စစ်ဆေး

နေပြည်တော် ဧပြီ ၂၆

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီတွင် အောင်ပန်း-ရွာငံကားလမ်း မိုင်တိုင်အမှတ် (၅၅/၅၆)၌ လမ်းရေပိတ်လွှာတင်ခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွာငံမြို့ ဆောက်လုပ်ရေးဧည့်ရိပ်သာ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ထပ်ဆင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဂံအာနန္ဒာဘုရား အထွေထွေပြုပြင်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဧပြီ ၂၆

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတွင် ပုဂံအာနန္ဒာဘုရား ပြန်လည်မွမ်းမံထိန်းသိမ်းရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်ရာ အဆိုပါ နားလည်မှုစာချွန်လွှာနှင့်အညီ အာနန္ဒာဘုရား အထွေထွေပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး၊ ယဉ်ကျေးမှုနှင့် ဆက်နွှယ်သော ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr.Villur Sundararajan Seshadri က ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr.Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၆

မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ကြံသီးနှံလုပ်ငန်းဌာနမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွဋ်သည် ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း၊ ငွေသော်တာကွင်း၌ ကစားဖော်များနှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)သို့ ၁၄၃ ကိုက်အကွာမှ Tiliest Pro VI No 2 ဘောလုံးကို Homa Beres MG. 700 Iron 9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးအောင်နိုင်ထွန်း၊ ဦးဝင်းကြည်၊ ဦးလှဝင်း၊ ဦးထွန်းထွန်းတို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲစတင်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ဧပြီ ၂၆ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မွန်ပြည်နယ်မှ အမျိုးသား၊ အမျိုးသမီးနှစ်သင်းစီ၊ ကယားပြည်နယ်မှ အမျိုးသား၊ အမျိုးသမီးတစ်သင်းစီ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားတစ်သင်းနှင့် အမျိုးသမီး နှစ်သင်း၊ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား၊ အမျိုးသမီး တစ်သင်းစီ၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဧပြီ ၂၆ ရက်က ကျင်းပသည့် ပြိုင်ပွဲများအနက် အမျိုးသားပြိုင်ပွဲတွင် LEGACY(T.T.C)အသင်းက KINGS အသင်းကို ၇၇ မှတ်၊ ၂၆ မှတ်ဖြင့် လည်းကောင်း၊ ဆိပ်ဖူးတောင်(မွန်ပြည်နယ်) အသင်းက ဟသ်ာတ(ဧရာဝတီတိုင်းဒေသကြီး) အသင်းကို ၄၇ မှတ်၊ ၃၁ မှတ်ဖြင့် လည်းကောင်း၊ သံလွင်အသင်းက မိုးကုတ်(မန္တလေးတိုင်းဒေသကြီး)အသင်းကို ၁၀၀ မှတ်၊ ၂၈ မှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသမီးပြိုင်ပွဲတွင် မိုးကုတ်(မန္တလေးတိုင်းဒေသကြီး) အသင်းက KIRA အသင်းကို ၄၆ မှတ်၊ ၃၅ မှတ်ဖြင့်နိုင်ပြီး ကန္တာရဝတီ(ကယားပြည်နယ်)အသင်းက ဆိပ်ဖူးတောင်(ခ) (မွန်ပြည်နယ်)အသင်းကို ၄၂ မှတ်၊ ၆ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ဧပြီ ၂၇ ရက် နံနက် ၈ နာရီမှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဧပြီ ၂၆

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန် အကြိမ်(၄၀)မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂ ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရန်ကုန်မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်း ဖုန်း-၀၉-၅၀၁၆၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှူးယစ်ဆေး

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်းနေ ကွယ်လွန်သူ ဦးအေးဖေအား ရည်စူး၍ ဒေါ်သန်းမြင့်မိသားစုက ထာဝရ အဆောက်အအုံ၊ ပဒေသာပင်နှင့် တစ်နေ့လုံးစာအထူးအာဟာရအတွက် ငွေကျပ်နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

လာမည့်နှစ်ဘောလုံးရာသီအတွက် လီဗာပူးအသင်း အကောင်းဆုံးပြင်ဆင်သွားမည်

လန်ဒန် ဧပြီ ၂၆

ယခုနှစ်ဘောလုံးရာသီတွင် ရုန်းကန်နေရသည့် လီဗာပူးအသင်းသည် လာမည့်နှစ်ဘောလုံးရာသီတွင် အောင်မြင်မှုများ ရရှိရေးအတွက် ကြီးကျယ်သော ပြောင်းလဲမှုများ ပြုလုပ်ကာ အသင်းအတွက် အကောင်းဆုံး ပြင်ဆင်သွားမည်ဟုသိရသည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ရာသီက တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ကို ချယ်လ်ဆီးသို့ ထုတ်ရောင်းပြီး ဆွာရက်ဇ်နှင့် ကာရိုးတို့ကို ဝယ်ယူအားဖြည့်ခဲ့ရာ တိုက်စစ်ပိုင်းတွင် လုံလောက်မှုရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ကွင်းလယ်ပိုင်းတွင် အားနည်းချက်များရှိနေသကဲ့သို့ ဂျရတ်မှာလည်း မကြာခဏ ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရသည်။ ထို့ပြင် နောက်တန်းခံစစ်တွင်လည်း တစ်ရာသီလုံး ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရသည်။ ထိုသို့သော အနေအထားမျိုးတွင် လီဗာပူးအသင်း၏ အရန်အင်အားမှာလည်း တောင့်တင်းမှုမရှိပေ။

ထို့ကြောင့် လက်ရှိအချိန်တွင် အသင်း၏ အားကစားဒါရိုက်တာဖြစ်သူ ကိုမိုလီက ခြေစွမ်းခြေစရှိ ကစားသမားများကို ခေါ်ယူနိုင်ရေးအတွက် ဥရောပတစ်ခွင် ခြေဆန့်လျက်ရှိနေပြီဖြစ်သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ် ကစားသမားများဖြစ်သည့် အက်ရှ်လေယန်း၊ ဒေါင်းနင်း၊ အဒမ်၊ ဂယ်ရီကာဟေးလ်တို့အပြင် ရင်းနက်စ်အသင်းမှ မာဗီးယော့စ်တို့ကို ခေါ်ယူရန်ပြင်ဆင်လျက်ရှိနေသည်။

အင်တာနက်။

ဘောလုံးလောက သတင်းတိုများ

- **အသက်(၃၅)နှစ်အရွယ်ရှိ ပောင်ကောင်ကစားသမား ချောင်ဆိုင်ဟိုသည် ဇနီးသည်နှင့် စကားများပြီး (၁၆)ထပ်ရှိ နေအိမ်တိုက်ခန်းမှ ခုန်ချ၍ မိမိကိုယ်မိမိ အဆုံးစီရင်သွားကြောင်း သိရသည်။**
- **စတုတ်စီးတီးတိုက်စစ်မှူး ရီကာဒိုဖူလာသည် ဖနောင့်ကြောဒဏ်ရာကြောင့် လာမည့် မေ ၁၄ ရက်တွင် ဝင်ဘလေကွင်း၌ မန်စီးတီးနှင့်ကစားရမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲကို လွဲချော်ရဖွယ်ရှိနေကြောင်း သိရသည်။**
- **မန်ယူအသင်းကခေါ်ယူရန် အဓိကပစ်မှတ်ထားနေသည့် ရှနိုက်ဒါက မိမိအနေဖြင့် အင်တာမီလန်တွင်သာ ပျော်ရွှင်နေကြောင်း ထုတ်ဖော်ပြောကြားလာသည်။**
- **အသင်းဖလားလက်မဲ့ဖြစ်ခဲ့ရခြင်းမှာ မိမိတွင်သာ တာဝန်ရှိကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဖွင့်ဟဝန်ခံလိုက်သည်။**

ဟန်သစ်

ဆာဂျီယိုအဂူရိုကို ရီးယဲလ်မက်ဒရစ် ရအောင်ခေါ်ယူမည်

မက်ဒရစ် ဧပြီ ၂၆

စပိန်လာလီဂါထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့် နွေရာသီအပြောင်းအရွှေ့ဈေးကွက် ဖွင့်ချိန်တွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဆာဂျီယိုအဂူရိုကို ရအောင်ခေါ်ယူသွားမည်ဟု သိရသည်။

အက်သလက်တီကိုအသင်းသည် ၎င်းတို့၏ တိုက်စစ်မှူးကို လက်လွှတ်လိုပုံမရသော်လည်း ကာယကံရှင်ကိုယ်တိုင်ကပင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည်ဟု ထုတ်ဖော်ပြောကြားထားသည်။ ရီးယဲလ်မက်ဒရစ်အနေဖြင့် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလကလည်း အဆိုပါ ကစားသမားကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ဆုံးဖြတ်ထား

သို့သော် လာမည့်နွေရာသီတွင်မူ ရီးယဲလ်မက်ဒရစ်အနေဖြင့် ၎င်းကို အရခေါ်ယူရန် ဆုံးဖြတ်ထားပြီးဖြစ်ကာ အက်သလက်တီကို မက်ဒရစ်အသင်းက သတ်မှတ်ထားသည့် ပေါင် ၄၅ သန်းကိုလည်း ပေးချေသွားမည်ဟု ဆိုသည်။ ထို့ကြောင့် ရာသီကုန်တွင် အက်သလက်တီကို မက်ဒရစ်အသင်းအနေဖြင့် ဆာဂျီယိုအဂူရိုကို တားဆီးနိုင်ဖွယ်မရှိဘဲ လက်လွှတ်ရဖွယ်ရှိနေသည်ဟု သတင်းများတွင် ဖော်ပြထားသည်။ **အင်တာနက်။**

ရီးယဲလ်မက်ဒရစ်က ခေါ်ယူရန် ပစ်မှတ်ထားလာသည့် အက်သလက်တီကို တိုက်စစ်မှူး ဆာဂျီယိုအဂူရို။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ကြီးအုံကြီး၀ ဘက်စုံရေလှောင်တမံ

ကြီးအုံကြီး၀ ဘက်စုံရေလှောင်တမံ ပြီးစီးမှုကို ၂၀၁၀ ခုနှစ် နို၀င်ဘာ ၁ ရက်က တွေ့ရစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၀န်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးပြုရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်စွမ်းအားကို ဖြည့်ဆည်းပေးမည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍကိုလည်း စူးစမ်းလေ့လာဆောင်ရွက်လျက်ရှိရာ မကြာမြင့်မီသောကာလတွင် တည်ဆောက်ပြီးစီးတော့မည့် ကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းသည် တစ်ခုအပါအ၀င်ဖြစ်သည်။

စီမံကိန်းရည်ရွယ်ချက်လေးရပ်ဖြစ်သည့်-

(၁) မုန်းချောင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သောရေများနှင့် ရေလှောင်တမံနှစ်ခုအကြားမှ စီးဆင်းနေသောရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် ၇၄ မဂ္ဂါ၀ပ် ထပ်မံထုတ်လွှတ်နိုင်ရန်၊

(၂) သိုလှောင်ပြီး ရေများကို ထိန်းညှိထုတ်လွှတ်ပေး၍ တည်ဆောက်ပြီးဖြစ်သည့် မဲဇလီရေလွှဲဆည်မှတစ်ဆင့် လယ်မြေဧက ၉၆၇၇၇ အား မိုးစပါးအတွက် ရေအလုံအလောက်ပေးဝေနိုင်ရန်၊

(၃) သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ ဧကထက် ပိုမိုတိုးချဲ့ရေပေးဝေနိုင်ရန်၊

(၄) ဒေသတွင်း စိမ်းလန်းစိုပြည်လာရန်

ဟူသော အချက်လေးချက်ကို အပြည့်အ၀ဖြည့်ဆည်းပေးနိုင်မည့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်၏ အထက်ဘက် ငါးမိုင်ခန့်အကွာနှင့် မုန်းချောင်းရေလှောင်တမံစီမံကိန်း၏ အောက်ဘက် ၁၅ မိုင်ခန့်အကွာ ၀န်လိုကျေးရွာအနီး၌ ကြီးအုံကြီး၀ဘက်စုံရေလှောင်တမံစီမံကိန်းကို ၂၀၀၂-၂၀၀၃ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တည်ဆောက်ရေးစီမံကိန်းပြီးစီးမည်ဟု လျာထားသတ်မှတ်ခဲ့သည်။

တမံအလျား ပေ ၃၂၈၀၊ တမံအမြင့် ၁၆၄ ပေရှိ ယင်းတမံကြီး၏ ရေဆင်းဧရိယာမှာ ၁၉၅၉ စတုရန်းမိုင်ရှိပြီး ဤဒေသ၏ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်မှာ ၄၅ လက်မဖြစ်သည်။ ကန်ရေပြည့် ရေပြင်ဧရိယာမှာ ၁၀၈၆၀ ဧကရှိကာ တမံအမျိုးအစားမှာ ဇုန်တမံအမျိုးအစားဖြစ်သည်။ ရေလွှဲတူးမြောင်း အလျားပေ ၄၃၀၀၊ အကျယ်ပေ ၁၃၀ နှင့် ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်၍ အလျားပေ ၁၁၀၀၊ အကျယ် ၃၂၆ ပေ ရှိသည်။ ရေအားလျှပ်စစ်တပ်ဆင်အင်အား ၇၄ မဂ္ဂါ၀ပ်ဖြစ်ကာ နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့်လျှပ်စစ်စွမ်းအားမှာ ကီလို၀ပ်နာရီသန်းပေါင်း ၃၇၀ ဖြစ်သည်။

ကြီးအုံကြီး၀ ဘက်စုံရေလှောင်တမံစီမံကိန်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း၀န်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၃)မှ ကြိုးပမ်းတည်ဆောက်လျက်ရှိနေပြီး ယင်းစီမံကိန်းကြီး ပြီးစီးသွားပါက စီမံကိန်းရည်ရွယ်ချက်လေးရပ်စလုံး ပြည့်ပြည့်၀၀ အကောင်အထည်ဖော်နိုင်ကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာနိုင်တော့မည် ဖြစ်သည်။ ။

သတင်းမှတ်စု - ဇော်မိုးသောက်

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်၍ အဖွဲ့၀င် ၃၉ ဦးပါ၀င်သော အဖွဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) မှ ၇၇၅၂ ပေရှိ အရှေ့မြင် အနောက်မြင်တောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး နိုင်ငံတော်အလံနှင့် တောင်တက်အသင်းအလံတို့ကို စိုက်ထူခဲ့ကြစဉ်။ (သတင်းစဉ်)

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း၀င် လေ့လာရေးအဖွဲ့ အရှေ့မြင် အနောက်မြင်တောင်ကို အောင်မြင်စွာ တက်ရောက်ခဲ့

ရန်ကုန် ဧပြီ ၂၆

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်၍ အဖွဲ့၀င် ၃၉ ဦး ပါ၀င်သော နွေရာသီခရီးကြမ်း လေ့လာရေးအဖွဲ့သည် ဧပြီ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ၇၇၅၂ ပေရှိ အမြင့်ဆုံးတောင်ထွတ်ဖြစ်သည့် အရှေ့မြင် အနောက်မြင်တောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး နိုင်ငံတော်အလံနှင့် တောင်တက်အသင်း အလံတို့ကို စိုက်ထူခဲ့ကြသည်။ အဆိုပါအဖွဲ့သည် ဧပြီ ၁၂ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာ၍ ကင်းတားရေလှောင်တမံ၊ ပြဒါးလင်းဂူ၊ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို ရောက်ရှိခဲ့ကြပြီး အဖွဲ့တွင်ပါ၀င်သည့် ဆရာ၀န်များ၊ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နှင့် ဆေး၀ါးကျွမ်းကျင်မှုတက္ကသိုလ်တို့မှ ကျောင်းသားများသည် ပင်းတယမြို့နယ် မြောက်ရွှေပုထိုးကျေးရွာသို့ ရောက်ရှိစဉ် တိုင်းရင်းသားကျေးလက်ပြည်သူ ၁၃၇ ဦးတို့အား လိုအပ်သည့် ဆေးကုသမှုများဆောင်ရွက်ပေးကြပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေတာရှည်မြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာ၀န်ပေး

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ဂီတအစည်းအရုံး ဖွဲ့စည်းတာ၀န်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းတွင် ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက အမှာစကားပြောကြားသည်။

ဖွဲ့စည်းတာ၀န်ပေး

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အလုပ်အမှုဆောင် ဦးတင်ဦးလေးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာ၀န်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးညွန့်ရှိန်၊ ဒုတိယဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့၀င်များပါ၀င်သော မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်ကော်မတီ ခန့်အပ်လွှာကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အမှုဆောင် ဖျာပုံ(စောင်း) ဦးသိန်းဟန်ကြီးက ဖွဲ့စည်းတာ၀န်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

သက်ကြီးမောင်နှံနှစ်ဦးထံမှ ပစ္စည်းလုယက်လူသတ်မှုဖြစ်ပွား

ဖြူး ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျ၀တီရဲစခန်းအပိုင် ရမ်ပူကျေးရွာအရှေ့ဘက် လယ်ကွင်းထဲ၌ တဲထိုးနေထိုင်သူ သက်ကြီး ဇနီးမောင်နှံနှစ်ဦးထံမှ သိကျွမ်းဖူးသူ သားအဖနှစ်ဦးက ရွှေငွေ ပစ္စည်းများကို ရိုက်နှက်ယူငင်ပြီး ဇနီးဖြစ်သူအား သတ်ဖြတ်သွားမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရမ်ပူကျေးရွာအရှေ့ဘက် လယ်ကွင်း၌ တဲအိမ်ဆောက်လုပ်နေထိုင်သူနှင့် ဇနီးတို့သည် ဧပြီ ၁၇ ရက် ည ၁၁ နာရီခန့်အချိန် အိပ်ပျော်နေကြစဉ် အိမ်တွင် မွေးထားသော ခွေးသုံးကောင်က မရပ်မနား ဟောင်နေသံကို ကြားသဖြင့် အိပ်ရာမှ နိုးကြပြီး ဘက်ထရီမီးကို ဖွင့်ခဲ့သည်။

ထိုစဉ် ကြားဖူးနေသည့်အသံဖြင့် နေအိမ်အပြင်မှ တံခါးဖွင့်ခိုင်းရာ အိမ်ရှင်က ချက်ချင်းဖွင့်မပေးသေးဘဲ တံခါးပေါက်နားမှ စောင့်ကြည့်နေစဉ် အိမ်အပြင်မှ တံခါးကြားသို့ ဓားဖြင့်ထိုးသွင်းသဖြင့် အိမ်ရှင်၏ ယာဘက်လက်ဖျံ ဓားဒဏ်ရာရရှိသွားသည်။ ထိုအချိန်တွင် အပြင်မှတံခါးကို ကန်ဖွင့်သဖြင့် တံခါးပွင့်သွားပြီး သိကျွမ်းခဲ့ဖူးသူ ရန်အောင်နှင့်သားဖြစ်သူ ငကြွက်ဆိုသူတို့နှစ်ဦးက တစ်ပေခန့်ရှိ ဓားမြှောင်နှင့် တုတ်များကိုင်ဆောင်၍ အိမ်အတွင်းသို့ ၀င်ရောက်လာသည်။ ယင်းနောက် ၎င်းတို့က ဘက်ထရီမီးကို ပိတ်ပစ်ပြီး ဇနီး ၀တ်ထားသည့် အင်္ကျီကို ဆွဲယူဆုတ်ဖြဲ၍ ကြိုးအဖြစ် အသုံးပြုကာ ဇနီးမောင်နှံနှစ်ဦး၏ လက်များကို ချည်တုပ်ခဲ့သည်။

ထို့နောက် ရန်အောင်က ငွေကျပ်သိန်း ၂၀ ပေးရန်နှင့် မပေးက သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုသည်။ အိမ်ရှင်က ၎င်းတောင်းသောငွေ သိန်း ၂၀ မရှိကြောင်းနှင့် မိမိတွင်ရှိသည့် ငွေကျပ်ငါးသောင်းနှင့် ရှိသမျှပစ္စည်းများကို ယူပါရန်၊ လူကိုဘာမှ မပြုလုပ်ရန် တောင်းပန်ပြောဆိုသော်လည်း မရဘဲ ဇနီးမောင်နှံနှစ်ဦးအား တုတ်ဖြင့် ရိုက်နှက်ကြပြီး အိမ်ရှိပစ္စည်းများကို မွှေနှောက်ရှာဖွေနေစဉ် အိမ်ရှင်က ရုတ်တရက် အိမ်ရှေ့ပြေးထွက်၍ အော်ဟစ်အကူအညီတောင်းခံရာ ရမ်ပူရွာမှလူများ အော်ဟစ်ဝိုင်း၀န်းလာကြသည်။

ရန်အောင်နှင့် သားဖြစ်သူ ငကြွက်တို့က အိမ်ရှင်၏ ဇနီးထံမှ နားတောင်းတစ်ရန်နှင့် နှာခေါင်း၌ ၀တ်ဆင်ထားသော ရွှေကိုပါဆွဲဖြတ်ယူပြီး ငွေကျပ်ငါးသောင်း၊ ကျား၀တ်စုံနှစ်စုံ၊ ရေဒီယိုတစ်လုံးတို့ကို ယူဆောင်၍ အိမ်ရှင်ဇနီး၏ လည်ပင်းကို ဓားဖြင့် လှီးဖြတ်သတ်ကာ ထွက်ပြေးသွားကြသည်။

ဇေယျ၀တီရဲစခန်းမှ စခန်းမှူးရဲအုပ်ထွန်းလွင်နှင့်အဖွဲ့က သတင်းရလျှင်ရချင်း အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးကြကာ သေဆုံးသူ၏ အလောင်းနှင့် ဒဏ်ရာရရှိသူ အိမ်ရှင်တို့ကို ဆေးစာဖြင့် ဇေယျ၀တီဆေးရုံသို့ တင်ပို့ခဲ့သည်။

အမှုကို ဇေယျ၀တီရဲစခန်းမှ (ပ) ၂၈/၂၀၁၁၊ ပြစ်မှုဥပဒေပုဒ်မ ၃၀၂/၃၉၄ အရ အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူ ရန်အောင် (၃၇)နှစ် (ပျံကျ)နှင့် ငကြွက် (၁၉)နှစ် (ပျံကျ) မြို့သစ်ရပ်ကွက် ဇေယျ၀တီနေသူတို့နှစ်ဦးကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ပြည်သူများ အကူအညီ ရယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၄၀)

ဖြူးမြို့ပေါ်၌ ဆိုင်ကယ်ချင်းတိုက် ရရှိဒဏ်ရာဖြင့် တစ်ဦးသေဆုံး

ဖြူး ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများက ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောမှုများ စဉ်ဆက်မပြတ်ပြုလုပ်နေသော်လည်း ယာဉ်ကို မဆင်မခြင်မောင်းနှင်ကြသဖြင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

ဧပြီ ၁၄ ရက် ညနေ ၄း၄၀ နာရီက ဖြူးမြို့ တာကြားရပ် ရန်ကုန်-မန္တလေး (ပုံမှန်) မော်တော်ကားလမ်း မိုင်တိုင် (၁၄၁/၃)နှင့်(၁၄၁/၄)ကြားတွင် တောင်ဘက်မှ မြောက်ဘက်သို့ ဇင်မောင်လွင် (၃၀)နှစ် မောင်းနှင်လာသည့် REVO ရေဘိုအမျိုးအစား အဖြူရောင်ဆိုင်ကယ်ကို ဖြူးမြို့နယ် ခင်တန်းကြီးရွာနေ ကိုမျိုး (၂၈)နှစ် မောင်းနှင်လာသည့် ဝေ့၀မ်းတမ်းအမျိုးအစား အဖြူရောင်ဆိုင်ကယ်က နောက်မှကျော်တက်စဉ် ချိတ်ဆွဲတိုက်မိသဖြင့် ဇင်မောင်လွင်၏ ဆိုင်ကယ်မှာ လမ်းအရှေ့ဘက်ဘေးသို့ ထိုးကျတိမ်းမှောက်သွားပြီး ဇင်မောင်လွင်မှာ ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရရှိသွားသဖြင့် ဖြူးဆေးရုံသို့ တင်ပို့ခဲ့ရသည်။

ဖြစ်စဉ်ကို သွားရောက်စစ်ဆေးသူ တာ၀န်မှူး ဒုရဲအုပ် ခိုင်မျိုးထွန်းက အရေးယူပေးရန် တိုင်တန်းသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကိုမျိုးအား ဖြူးရဲစခန်းက (ပ) ၄၄/၂၀၁၁ ပုဒ်မ ၃၃၈ အရ ဖမ်းဆီး အရေးယူစစ်ဆေးလျက်ရှိသည်။

ဇင်မောင်လွင်မှာ ဒဏ်ရာ မသက်သာသဖြင့် ဖြူးဆေးရုံမှ နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံသို့ ပို့ဆောင်ကုသရာမှာ ရရှိ ဒဏ်ရာဖြင့် ဧပြီ ၁၇ ရက်၌ သေဆုံးသွားသဖြင့် ပုဒ်မ-၃၃၈မှ ပုဒ်မ ၃၀၄(က) သို့ ပြောင်းလဲဖွင့်လှစ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၁၄၀)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ရထားလမ်းကွန်ရက်ချိတ်ဆက်ပေးမည့် ဧရာဝတီတံတား(မလွန်)

ဧရာဝတီတံတား(မလွန်)၏ ချဉ်းကပ်တံတားတိုင်များ တည်ဆောက်နေမှုကို ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁ ရက်က ဤသို့တွေ့ရစဉ်။

➤ သတင်းမှတ်စု - ဇော်မိုးသောက် ➤ ဓာတ်ပုံ - ခင်မောင်ဝင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အဓိကမြစ်ကြီးလေးသွယ်ဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်တို့သည် နိုင်ငံ၏ မြောက်ဘက်မှ တောင်ဘက်ပိုင်းဆီသို့ စီးဆင်းလျက်ရှိရာ ပထဝီအနေအထားအရ နိုင်ငံ၏ အရှေ့နှင့်အနောက်ဘက်ခြမ်းရှိ ဒေသများ၏ ကူးလူးဆက်သွယ်သွားလာနိုင်ရေးအတွက် အဆိုပါမြစ်ကြီးလေးသွယ်ပေါ်၌ မြစ်ကူးတံတားကြီးများကို ဆယ်စုနှစ် နှစ်စုကျော်မျှသောကာလအတွင်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့ရာ မြစ်ကူးတံတားသစ်ကြီးများ အပြိုင်းအရိုင်းဖြစ်တည်လာခဲ့ပြီဖြစ်သလို ဆက်လက်တည်ဆောက်ဆဲ စီမံကိန်းဝင်တံတားကြီးများမှာလည်း မကြာမတင် အစီအရီ တည်ဆောက်ပြီးစီးပြီး သက်ဆိုင်ရာဒေသများ၏ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေကာ ဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဆတက်ထမ်းပိုး ဖြည့်ဆည်းထမ်းဆောင်နိုင်ပေတော့မည်ဖြစ်သည်။

လက်ရှိကာလတွင် ဧရာဝတီမြစ်ကူးတံတားကြီး ငါးစင်းကို တည်ဆောက်လျက်ရှိနေရာ ၎င်းတို့မှာ ဧရာဝတီတံတား(စင်းခန်း)၊ ဧရာဝတီတံတား(ရတနာသိင်္ဃ)၊ ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား(ညောင်တုန်း)နှင့် ဧရာဝတီတံတား(မလွန်) တို့ ဖြစ်ကြသည်။

ဧရာဝတီတံတား(မလွန်)တည်ဆောက်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် စတင်ခဲ့သည်။ မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်ကျေးရွာအနီး မိကျောင်းရဲ-ပဒနဂို ကားလမ်း မိုင်တိုင်အမှတ် (၁၁/၄) နှင့် (၁၁/၅) အကြားတွင် တည်ရှိပြီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်းမှ မင်းလှမြို့နယ် မလွန်ဘက်ကမ်းသို့ ဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်သည်။

၎င်းတံတားကြီး တည်ဆောက်ရသည့် အဓိကရည်ရွယ်ချက်မှာ မကြာမီဖောက်လုပ်ပြီးစီးတော့မည့် ဧရာဝတီမြစ်အနောက်ခြမ်းမှ ကြံခင်း-ပခုက္ကူ မီးရထားလမ်းနှင့် ယင်းမြစ်အရှေ့ခြမ်းမှ ပြည်-အောင်လံ-ဆပ်သွား-တောင်တွင်း ရထားလမ်းကွန်ရက်ကို ဧရာဝတီမြစ်အားဖြတ်သန်း၍ ချိတ်ဆက်နိုင်ရန်ဖြစ်ပြီး ရထားလမ်းနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာမည့် မော်တော်ကားလမ်းသစ်တစ်ရပ် စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအင်တာနက်သတင်း

ဒီရေရောက်သစ်တောတွင် ပေါက်ရောက်သည့် လမုပင်။

ကမ်းရိုးတန်းဒေသများရှိ ဒီရေရောက်သစ်တောများ ကာဗွန်ဓာတ်ငွေ့သိုလှောင်နိုင်စွမ်း မြင့်မား

ဘာသာပြန် - ရေမောင်

ဟီလို(ဟာဝိုင်ယီ) မေ ၂၆

ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းဒေသများရှိ ဒီရေရောက်သစ်တောများသည် ကမ္ဘာပေါ်ရှိ အခြားသော မည်သည့်သစ်တောအမျိုးအစားနှင့်မဆို နှိုင်းယှဉ်ပါက ကာဗွန်ဓာတ်ငွေ့ကို ပိုမိုသိုလှောင်နိုင်စွမ်းရှိကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖